# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွား၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၃၁ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၂၃၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်တက္ကသိုလ်မှ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြား

## သင်တန်းသားများအနေဖြင့် မိမိတို့ဘဝ တိုးတက်ရေး နိုင်ငံတော်နှင့် တပ်မတော်၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေးတို့အတွက် စည်းကမ်းစနစ်တကျဖြင့် မိမိကိုယ်ကိုစောင့်ထိန်း၍ ပညာကို ကြိုးပမ်းသင်ကြား

နေပြည်တော် မေ ၃၀

နည်းပြများအနေဖြင့် မိမိတို့ တတ်မြောက်သင်ကြားထားသည့်၊ စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများနှင့် ပေါင်းစပ်ချိန်ထိုး၍ စနစ်တကျ သင်ကြားလေ့ကျင့်ပေးပြီး စိတ်ဓာတ်ခိုင်မာကောင်းမွန်သည့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့်၊ ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်သကဲ့သို့ သင်တန်းသား အရာရှိငယ်များ၊ ဗိုလ်လောင်းများအနေဖြင့်လည်း စိတ်ဓာတ်ခံယူချက်ကောင်းစွာဖြင့် သင်ယူလေ့လာ၍ နိုင်ငံတော်နှင့်တပ်မတော်ကို ပြန်လည်အကျိုးပြုနိုင်ရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် စစ်တက္ကသိုလ်မှ *စာမျက်နှာ ၃ ကော်လံ ၁* ❍

**ယနေ့** *ဖတ် စ ရာ*

### ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်း မပြုရန် အသိပေးကြေညာ

ပြည်တွင်းသတင်း | စာ ၇

### ကျေးလက်စွမ်းပကားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးမှုကို ဖော်ဆောင်အံ့

ဆောင်းပါး | စာ ၁၀

### သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး

ဆောင်းပါး | စာ ၁၆

# “ စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ပြီး တစ်ဦးချင်းတစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံး ကောင်းမွန်မည်ဖြစ် ”

- **သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာ ပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်ကအားထားရသည့် ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်**
- **ဗိုလ်လောင်းတစ်ဦးချင်းစီအလိုက်၊ သင်တန်းအမှတ်စဉ်အလိုက် စုဖွဲ့ပေးထားသည့် အုပ်ထိန်းသူ Guardian အဖြစ် တာဝန်ယူထားသူများအနေဖြင့်လည်း အစ်ကိုအစ်မ စိတ်ဓာတ်၊ မိဘသဖွယ် စိတ်ဓာတ်ထားရှိ၍ သင်တန်းသားများအပေါ် မှန်ကန်သည့်ဦးဆောင်မှုနှင့် လမ်းညွှန်မှုများပေးနိုင်ရန် လိုပြီး ၎င်းတို့၏ ဘဝလမ်းကြောင်းမှန်အပေါ် တည့်မတ်ပေးနိုင်ရန်လို**

○ *ရွှေဖုံးမှ*

နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများအား စစ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာကြီး၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများ တက်ရောက်ကြသည်။

## နိုင်ငံတော်၏ နိုင်ငံရေးအရ ဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့် မဲမသမာမှုများကို ဖြေရှင်းဆောင်ရွက်ပေးခြင်း မရှိခဲ့သည့်အတွက် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး တပ်မတော်မှ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရချိန်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများ၊ နိုင်ငံရေးအကြောင်းပြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားကြသူများ၏ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များနှင့် အဖျက်အမှောင့်လုပ်ရပ်များ၊ သွေးထိုးလှုံ့ဆော်မှုများကြောင့် နိုင်ငံ့ဝန်ထမ်းအချို့ CDM လှုပ်ရှားမှုတွင် ပါဝင်ခဲ့မှုများ စသည့်အခက်အခဲ၊ အကျပ်အတည်းပေါင်းစုံကြားမှ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့အတွက် မူဝါဒများ၊ ဦးတည်ချက်များ ချမှတ်၍ ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

## သင်တန်းသားတစ်ဦးချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာများ ကျန်းမာကြံ့ခိုင်မှုရှိအောင် လေ့ကျင့်ပေးရမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် စစ်တက္ကသိုလ်သည် တပ်မတော် (ကြည်း၊ ရေ၊ လေ) အတွက် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်ဝသည့် အရာရှိကောင်းများကို မွေးထုတ်ပေးနိုင်ရေး အဓိကသင်ကြားလေ့ကျင့်ပေးလျက်ရှိကြောင်း၊ လေ့ကျင့်ရေးနှင့်ပတ်သက်၍ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိစေရေး သင်တန်းနှစ်အလိုက် သတ်မှတ်ထားသည့် လေ့ကျင့်ရေးဆိုင်ရာများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ တစ်ဦးချင်းတစ်ယောက်ချင်းစီ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုရှိစေရေး ခံယူချက်ကောင်းများဖြင့် လေ့ကျင့်ရေးဆိုင်ရာများကို လိုက်နာ လေ့ကျင့်သွားကြရမည်ဖြစ်ကြောင်း၊ သင်တန်းသားတစ်ဦးချင်းစီအလိုက် မိမိကိုယ်ကို အားကိုးယုံကြည်သည့် စိတ်ဓာတ်များ ရရှိစေရေး၊ ကိုယ်ပိုင်အစွမ်းအစများဖြင့် အောင်မြင်သည့်ဘဝကို ဖြတ်သန်းနိုင်သော ခိုင်မာသည့်စိတ်ဓာတ်များ ရရှိစေရေး နည်းပြများမှ မိမိတို့သင်ကြားခဲ့ရသည့် စာပေဗဟုသုတများ၊ ဘဝတစ်လျှောက် ကြုံတွေ့ဖြတ်သန်းခဲ့သည့် အတွေ့အကြုံများဖြင့် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့်လည်း နည်းပြများ၏သင်ကြားလေ့ကျင့်ပေးမှုများကို စွဲမြဲစွာမှတ်ယူ၍ ဘဝတစ်လျှောက်လုံး မိမိကိုယ်ကို အားကိုးယုံကြည်သည့် စိတ်ခွန်အား၊ ခံယူချက်ကောင်းတို့ဖြင့် ဖြတ်သန်းကြရန်လိုကြောင်း။

## ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့်အညီ မိမိကိုယ်ကိုချိန်ထိုး၍ လိုက်နာဆောင်ရွက်ရန်လိုပြီး စည်းကမ်းစနစ်တကျရှိရမည်

ခေါင်းဆောင်မှုနှင့်ပတ်သက်၍ တပ်မတော်တွင် ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက် ချမှတ်ထားရှိပြီး အဆိုပါအချက်များနှင့် ချိန်ထိုး၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း၊ ခေါင်းဆောင်များအနေဖြင့် လိုက်နာရန် လိုအပ်သည်များကို လိုက်နာ၍ စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ မိမိဦးဆောင်ရသည့် လက်အောက်ငယ်သားများ၏ အကျိုးကိုဖော်ဆောင်နိုင်ရေး၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် လေ့လာသင့် လေ့လာထိုက်သည်များကိုလည်း အမြဲမပြတ် လေ့လာနေရန်လိုကြောင်း။

စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်ပြီး တစ်ဦးချင်းတစ်ယောက်ချင်းစီအလိုက် စိတ်ဓာတ်စည်းကမ်းကောင်းမှသာလျှင် အဖွဲ့အစည်းတစ်ခုလုံး ကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခု သင်တန်းသားများဘဝကတည်းကပင် မိမိကိုယ်ကို စည်းကမ်းတကျ နေထိုင်လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ မွေးမြူဆောင်ရွက်သွားကြရန်လိုပြီး ဘဝတစ်လျှောက်လုံး ကျင့်သုံးဆောင်ရွက်သွားကြရန်လည်းလိုကြောင်း၊ စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ခြင်း၊ မိမိကိုယ်ကို ထိန်းထိန်းသိမ်းသိမ်း နေထိုင်ခြင်းဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

## အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး

ထို့ပြင် တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝတိုးတက်မြင့်မားရေးအတွက် ပညာတတ်မြောက်ရန်နှင့် အသိပညာဗဟုသုတ ကြွယ်ဝရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပညာရေးအရ အားပေးမြှင့်တင်မှုပြုလုပ်ရန် များစွာလိုအပ်ချက်များ ရှိနေဆဲဖြစ်သဖြင့် ပညာရေးကို အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထို့ပြင် ပညာရေးအတွက် အထောက်အကူပြုစေမည့် စာကြည့်တိုက်များ တည်ဆောက်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများ ကောင်းမွန်စွာ လည်ပတ်မှုရှိစေရေး နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပြများ၊ သင်တန်းသားများအနေဖြင့်လည်း တစ်ဦးချင်းအသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုပြီး ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကာ ဘဝတိုးတက်မြင့်မားရေးအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အသိပညာကြွယ်ဝခြင်းဖြင့် တစ်ဦးချင်းစီ၏ လူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေမည်ဖြစ်ပြီး အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်မည်ဖြစ်သဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

## နည်းပြများမှ စနစ်တကျသင်ကြားလေ့ကျင့်ပေးရန်လိုသကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ယူကြရန်လို

သင်ကြားရေးနှင့်ပတ်သက်၍ အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ၎င်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ ရှိကြောင်း၊ နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် လေ့ကျင့်ရေးဆိုင်ရာပညာရပ်နှင့် စာပေပိုင်းဆိုင်ရာ ပညာရပ်ဟူ၍ရှိပြီး နှစ်ဖက်မျှတစွာ တတ်မြောက်အောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးနှင့် ပတ်သက်ပါက ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ကြရန်၊ သင်တန်းသားများကို အလိုမလိုက်ရန် လိုအပ်သကဲ့သို့ မိမိကိုယ်ကိုလည်း အလိုမလိုက်ရန်လိုကြောင်း၊ အရည်အချင်းနှင့်ပြည့်စုံသဖြင့် နည်းပြများဖြစ်နေကြခြင်းဖြစ်သည့်အတွက် မိမိတတ်မြောက်ထားသည့်၊ သင်ကြားထားရသည့် စာပေပညာ၊ စစ်ပညာများကို ဖြတ်သန်းလာသည့် အတွေ့အကြုံများနှင့် ချိန်ထိုး၍ စနစ်တကျသင်ကြားပေးစေလိုပြီး အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်ခန်းစာများကို အမှန်တကယ်တတ်မြောက်ပြီး လက်တွေ့မြေပြင်တွင် ခေါင်းဆောင်မှုကောင်းမွန်စွာ ပေးနိုင်ရန်၊ စိတ်ဓာတ်ခိုင်မာကောင်းမွန်ရန်နှင့် နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် ပြည်သူက အားကိုးရသည့် အနာဂတ်ခေါင်းဆောင်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းတစ်ဦးချင်းစီအလိုက်၊ သင်တန်းအမှတ်စဉ်အလိုက် စုဖွဲ့ပေးထားသည့် အုပ်ထိန်းသူ Guardian အဖြစ် တာဝန်ယူထားသူများအနေဖြင့်လည်း အစ်ကိုအစ်မ စိတ်ဓာတ်၊ မိဘသဖွယ်စိတ်ဓာတ်ထားရှိ၍ သင်တန်းသားများအပေါ် မှန်ကန်သည့်ဦးဆောင်မှုနှင့် လမ်းညွှန်မှုများပေးနိုင်ရန်လိုပြီး ၎င်းတို့၏ ဘဝလမ်းကြောင်းမှန်အပေါ် တည့်မတ်ပေးနိုင်ရန်လိုကြောင်း။

နည်းပြများအနေဖြင့် ထိုကဲ့သို့လေ့ကျင့်သင်ကြားပေးရမည်ဖြစ်သကဲ့သို့ သင်တန်းသားများအနေဖြင့်လည်း မိမိတို့အဆင့်အလိုက် တက်ရောက်ရသည့် သင်တန်းများတွင် ကြိုးပမ်းအားထုတ်သင်ကြားကြရန်လိုကြောင်း၊ အနာဂတ်တွင် ထူးချွန်ထက်မြက်ပြီး ပြည်သူက အားကိုးပြီး နိုင်ငံတော်က အားထားရသည့် ခေါင်းဆောင်များ ထွက်ပေါ်လာစေရေးအတွက် သင်တန်းစတင် တက်ရောက်ချိန်မှစ၍ အဆင့်လိုက် တက်ရောက်ရသည့် သင်တန်းများကို အဆင့်ဆင့် သင်ကြားပေးခဲ့ရပြီး နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လိုကြောင်း၊ ထို့ကြောင့် သင်တန်းသားများအနေဖြင့် မိမိတို့ဘဝတိုးတက်ရေး နိုင်ငံတော်နှင့် တပ်မတော်၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေးတို့အတွက် စည်းကမ်းစနစ်တကျဖြင့် မိမိကိုယ်ကို စောင့်ထိန်း၍ ပညာကို ကြိုးပမ်းသင်ကြားကြစေလိုကြောင်း မှာကြားပြီး နည်းပြအရာရှိများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဗိုလ်လောင်းများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

- **ခေါင်းဆောင်များအနေဖြင့် လိုက်နာရန် လိုအပ်သည်များကို လိုက်နာ၍ စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်**
- **မိမိဦးဆောင်ရသည့် လက်အောက်ငယ်သားများ၏ အကျိုးကို ဖော်ဆောင်နိုင်ရေး၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ လူမှုဘဝမြင့်မားတိုးတက်ရေးတို့အတွက် လေ့လာသင့် လေ့လာထိုက်သည်များကိုလည်း အမြဲမပြတ် လေ့လာနေရန်လို**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားစဉ်။

# ပြင်ဦးလွင်မြို့ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသ၏ရှိရင်းစွဲဂုဏ်ဒြပ်များကို ပိုမိုတိုးတက်စေမည်

**နေပြည်တော် မေ ၃၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်ရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ပြင်ဦးလွင်မြို့ သာယာလှပရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကော်ဖီတိုးချဲ့စိုက်ပျိုးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးခင်မောင်ရီနှင့် ဒေါက်တာ သက်ခိုင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးရမှုများကို ပြန်လည်ပြုပြင်ထိန်းသိမ်းရန်လို**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြင်ဦးလွင်မြို့သည် ခေတ်ကာလများစွာကတည်းက တည်ရှိခဲ့သည့်မြို့ဖြစ်ပြီး သမိုင်းဝင် အဆောက်အဦများစွာလည်း ရှိကြောင်း၊ ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေ မြို့တော်၊ ပန်းမြို့တော်၊ တောင်လှေကားမြို့တော် စသည်ဖြင့် တင်စားခေါ်ဝေါ်ကြသဖြင့် အဆိုပါအင်္ဂါရပ်များနှင့်ကိုက်ညီရန် လိုကြောင်း၊ ပြင်ဦးလွင်မြို့သို့ ပြည်တွင်း ပြည်ပခရီးသွားများ စဉ်ဆက်မပြတ် လာရောက်လည်ပတ်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ခဲ့ချိန်တွင် လာရောက်မှုနည်းပါးခဲ့သော်လည်း ယခုနောက်ပိုင်းတွင် ပြည်တွင်းခရီးသွားများ ပြန်လည်များပြားလာကြောင်း၊ အပန်းဖြေလာရောက်သူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် သာယာလှပသည့် မြို့၏အလှအပကို ခံစားလည်ပတ်နိုင်ရန် လိုကြောင်း၊ ယခင်ကပြင်ဦးလွင်မြို့သည် အေးမြသည့်မြို့တစ်ခု ဖြစ်ခဲ့သော်လည်း ယခုအခါသဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုများကြောင့် ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာသည်ကို တွေ့ရကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲလာခြင်းမှာ လူများ၏ လုပ်ဆောင်မှုများကြောင့်လည်းပါဝင်ပြီး လူများကြောင့် ဖြစ်လာသည့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးရမှုများကို လူများကပင် ပြန်လည်ပြုပြင်ရမည်ဖြစ်ကြောင်း။

❖ **မြေယာဥပဒေအရ စိုက်ပျိုးရန်ခွင့်ပြုထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနေရန်လို၊ လယ်ယာစိုက်ပျိုးမြေများနှင့်ပတ်သက်၍ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကျော်လွန်ဆောင်ရွက်ခြင်းမရှိစေရေး တာဝန်ရှိသူများအနေဖြင့် အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်သွားရန်လို**

ယခင်က အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်း အပူချိန်နှုန်းထားမြင့်မားလာခြင်း၊ ရေဝင်ပေါက်များမှရေဝင်ရောက်မှု အားနည်းခြင်းနှင့် အခြားအကြောင်း အမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများ ရေလမ်းကြောင်း ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လာခဲ့ပြီး ယခုအခါ ကန်တော်ကြီးအတွင်း ရေများလုံလောက်စွာ ဝင်ရောက်လာပြီ ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းမှာ လူများကပင် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသ ပြန်လည်စိမ်းလန်းသာယာရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် ပြုပြင်ထိန်းသိမ်းခြင်းများကို ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

အကြောင်း အမျိုးမျိုးကြောင့် ပြုန်းတီးသွားသည့် သစ်ပင်သစ်တောများကိုလည်း ပြန်လည်စိုက်ပျိုးသွားရန်လိုပြီး ဒေသနှင့်ကိုက်ညီသည့် သစ်ပင်သစ်တောများ ပြန်လည် စိုက်ပျိုးထိန်းသိမ်းသွားမှသာလျှင် ရာသီဥတုများကောင်းမွန်လာမည်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့ရှိ လူနေရပ်ကွက်များတွင်လည်း ရှိသင့်ရှိထိုက်သည့် သစ်ပင်များ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိုက်ပျိုးနိုင်ရေး တိုက်တွန်းနှိုးဆော်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် သဘာဝကိုထိန်းသိမ်းနိုင်သဖြင့် ပြင်ဦးလွင်ဒေသတွင် သစ်ပင်စိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**မြေအသုံးချမှုနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်ရန်လို**

မြေယာဥပဒေအရ စိုက်ပျိုးရန်ခွင့်ပြုထားသည့် စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးပြုခြင်းများကိုလည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ထိန်းသိမ်းနေရန်လိုကြောင်း၊ လယ်ယာစိုက်ပျိုးမြေများနှင့်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပုဂ္ဂလိကဆေးရုံများ တည်ဆောက်ရန် လျာထားသည့်မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ပတ်သက်၍ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများကို ကျော်လွန်ဆောင်ရွက်ခြင်းမရှိစေရေး တာဝန်ရှိသူများအနေဖြင့် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားရန် လိုကြောင်း၊ စီမံခန့်ခွဲမှုအားနည်းချက်များ ရှိခဲ့ခြင်းကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများ ရှိခဲ့ခြင်းဖြစ်ကြောင်း၊ လျော့ပါးသွားသည့် သစ်ပင်များပြန်လည် စိုက်ပျိုးသွားရန်လိုပြီး ပြင်ဦးလွင်မြို့တွင်သာမဟုတ်ဘဲ ဒေသတွင်းရှိ အခြားမြို့များတွင်လည်း သစ်ပင်များစိုက်ပျိုးစေရေးဆောင်ရွက်သွားရန် လိုကြောင်း၊ သစ်ပင်သစ်တောများ ပြန်လည်ကောင်းမွန်လာပြီး ရာသီဥတုများကောင်းမွန်လာမည်ဆိုပါက မြစ်များ၊ ချောင်းများအတွင်း ရေများ ပုံမှန်အတိုင်းစီးဆင်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့မြစ်ချောင်းများအတွင်း ရေများ ပုံမှန်အတိုင်းဝင်ရောက်လာမည်ဆိုပါက စိုက်ပျိုးရေများ လုံလောက်စွာရရှိမည်ဖြစ်သကဲ့သို့ ရေအားလျှပ်စစ်စီမံကိန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

**ကော်ဖီစိုက်ပျိုးမှုမြှင့်တင်နိုင်ရေး**

ကော်ဖီစိုက်ပျိုးမှုနှင့် ပတ်သက်၍ ကော်ဖီစီမံကိန်းသည် လွန်ခဲ့သည့် နှစ် ၂၀ ကျော်က စတင်ခဲ့သည့်နိုင်ငံတော်စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရန်အတွက် ခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေများအသုံးချမှုကို စည်းကမ်းနှင့်အညီ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီများ အောင်မြင်စွာစိုက်ပျိုးနိုင်ရန်အတွက်လည်း တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ကြပ်မတ် ဆောင်ရွက်ပေးနေရန် လိုကြောင်း၊ ကော်ဖီစိုက်ပျိုးရန် ခွင့်ပြုထားသည့်မြေများတွင် လူနေအိမ်များ ဆောက်လုပ်ခြင်းသည် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်စေကြောင်း၊ စီမံကိန်းနေရာများတွင် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ကော်ဖီစိုက်ပျိုးမှုလုပ်ငန်းများ ဆောင်ရွက်ခြင်းမရှိသဖြင့် အချို့ကော်ဖီစိုက်ပျိုးခြံများကို အရေးယူဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် အရည်အသွေးကောင်းမွန်သည့် ကော်ဖီများဖြစ်သဖြင့် နိုင်ငံ၏ထုတ်ကုန်တစ်ခုအဖြစ် စီးပွားဖြစ် ထုတ်လုပ်သွားနိုင်ရန်လိုပြီး အရည်အသွေးကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများ အရေအတွက်များများ ထွက်ရှိစေရေး စိုက်ကေအလိုက် အပြည့်အဝစိုက်ပျိုး၍ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ကော်ဖီထွက်ကုန်များကို ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကုန်ချောအဖြစ် ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက စီးပွားရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း။

**ပြင်ဦးလွင်မြို့၏ ပညာရေးကောင်းမွန်ရေး၊ သာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး**

ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ်လိုဖွယ်ရာသီဥတုရှိပြီးဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ပုဂ္ဂလိကကျောင်းများ ဖွင့်လှစ်ရာတွင် စည်းကမ်းနှင့်အညီဖြစ်ရန် လိုကြောင်း၊ ကျောင်းသား ကျောင်းသူများကို အောင်ချက်ကောင်းရန်သာမဟုတ်ဘဲ ပညာတတ်မြောက်အောင် သင်ကြားပေးသည့် ကျောင်းများဖြစ်စေလိုကြောင်း။

ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်ဦးချင်း၊ တစ်အိမ်ချင်း သန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန် ဆောင်ရွက်ပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အဦများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့တွင်း ရေစီးရေလာများ ကောင်းမွန်စေရေးအတွက်လည်း အမှိုက်များကင်းစင်အောင် ဆောင်ရွက်သကဲ့သို့ မြို့သာယာလှပရေးအတွက် မည်ကဲ့သို့ ကောင်းမွန်အောင် ဆောင်ရွက်မည်ကို Engineering Philosophy အရ ကြိုတင်စဉ်းစားတွေးခေါ် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့် နိုင်ငံတော်တစ်ဝန်းလုံး စိမ်းလန်းစိုပြည်ရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ ယခင်နှစ်များ၌ မိုးသည်းထန်စွာရွာသွန်းစဉ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သည့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့နှင့် ပုဂံ ရှေးဟောင်းယဉ်ကျေးမှု နယ်မြေတို့သို့ ကိုယ်တိုင်သွားရောက်၍ လိုအပ်သည့် လမ်းညွှန်မှုများဆောင်ရွက်ခဲ့ရာ ယခုနှစ်တွင် ရေကြီးရေလျှံမှုများ လျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြင်ဦးလွင်မြို့ သာယာလှပရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် ပြင်ဦးလွင်မြို့၏ မူလ ပန်းမျိုးများကို ပြန်လည်ထိန်းသိမ်း စိုက်ပျိုးသွားရန်လိုပြီး ပန်းမြို့တော်ဟူသောအမည်နှင့် ကိုက်ညီအောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လူနေရပ်ကွက်များ၊ လူနေခြံများတွင်လည်း ဒေသနှင့် ကိုက်ညီသည့် ပန်းများစိုက်ပျိုးကြရေး တိုက်တွန်းနှိုးဆော်သွားရန်လိုကြောင်း၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်၊ တောင်လှေကားမြို့တော်ဟူသည့် သဘာဝအရ ပေးထားသည့် နာမည်များနှင့် ကိုက်ညီအောင် မူလအခြေအနေအတိုင်း ကိုက်ညီအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ပြင်ဦးလွင်တွင်နေထိုင်ကြသူများအနေဖြင့် မိမိတို့နေထိုင်သည့်မြို့ သာယာလှပရေးအတွက် အသိဖြင့်ဝိုင်းဝန်း ဆောင်ရွက်သွားရန်လိုကြောင်း။

ပြင်ဦးလွင်မြို့တွင် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် အခြေခံကောင်းများ ရှိပြီးဖြစ်သဖြင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှုများ တိုးတက်စေရေးအတွက်လည်း ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ တင်သွင်းနေရသည့် နို့ဆီ၊ နို့စိမ်းများစွာ လျော့ကျသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလိုအပ်သည်များ ကူညီပေးမည်ဖြစ်သကဲ့သို့ မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်၍ရသည်များကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ နို့ထွက်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် နာမည်ပေါင်းများစွာ၊ ဂုဏ်ဒြပ်များရှိသည့် မြို့တစ်မြို့ဖြစ်ပြီး မိမိတို့အနေဖြင့် ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြင်ဦးလွင်မြို့၏ ဂုဏ်ဒြပ်သည် ယခုထက် ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

**ပြင်ဦးလွင်ဒေသအတွင်း ကော်ဖီစိုက်ပျိုးမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများအား အသီးသီးရှင်းလင်းတင်ပြ**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် ကော်ဖီခြံများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ထားရှိမှု၊ ကော်ဖီတိုးချဲ့စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိမှု၊ ပြင်ဦးလွင် ကော်ဖီစီမံကိန်း ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှုနှင့် ကော်ဖီပျိုးပင်များဖြန့်ဖြူးပေးနိုင်မှုများကို လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ကော်ဖီစီမံကိန်းဧရိယာအတွင်း စည်းကမ်းလိုက်နာမှုမရှိသည့် ကော်ဖီခြံများအား ဥပဒေနှင့်အညီ ဆောင်ရွက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ လွှဲပြောင်းပေးမှုအခြေအနေများကို လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်ဖြစ်စေရေး အဆောက်အဦများ ဆောက်လုပ်နိုင်ရန်အတွက် မြေနေရာများ လျာထားရွေးချယ် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ပြင်ဦးလွင်ခရိုင်ဆိုင်ရာ အချက်အလက်များနှင့် ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မန္တလေးတိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် ကျောင်းအပ်နှံမှုနှင့် ယခင် ပညာသင်နှစ်တွင် ကျောင်းတက်ရောက်ခဲ့မှု အခြေအနေများ၊ ပြင်ဦးလွင်မြို့အား မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့ပြတည်ဆောက်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်ထားရှိမှုနှင့် ကုန်ထုတ်လမ်းဆောင်ရွက်ထားရှိမှု၊ ပြင်ဦးလွင်မြို့အတွင်း ဂဲလောင်းချောင်း

*စာမျက်နှာ ၆ သို့*

❒ **မိမိတို့ နိုင်ငံမှထွက်ရှိသည့် ကော်ဖီသည် အရည်အသွေးကောင်းမွန်သည့် ကော်ဖီများဖြစ်သဖြင့် နိုင်ငံ၏ထုတ်ကုန်တစ်ခုအဖြစ် စီးပွားဖြစ်ထုတ်လုပ်သွားနိုင်ရန်လိုပြီး အရည်အသွေးကောင်းမွန်သည့် ကော်ဖီကုန်ကြမ်းများ အရေအတွက်များများထွက်ရှိစေရေး စိုက်ကေအလိုက် အပြည့်အဝစိုက်ပျိုး၍ ထုတ်လုပ်မှုများတိုးတက်အောင် ဆောင်ရွက်ရန်လို၊ ကော်ဖီထွက်ကုန်များကို ကုန်ကြမ်းအဖြစ် ရောင်းချခြင်းထက် ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက စီးပွားရေး အတွက် များစွာအထောက်အကူပြုမည်ဖြစ်၊ ထို့ကြောင့် ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများ တိုးတက်စေရေး ဆောင်ရွက်သွားရန်လို။**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အရိုးအကြောကုသဆောင် ပြင်ဆင်ထားရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၅ မှ*

တည်ရှိမှုနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်းက ပြင်ဦးလွင်မြို့ စိမ်းလန်းသာယာလှပရေးနှင့် သန့်ရှင်းမှုရှိစေရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ကော်ဖီသည် စီးပွားရေးအရ တွက်ခြေကိုက်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ကော်ဖီကို အဓိကစိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချသည့် နိုင်ငံများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုများကို တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုကို နိုင်ငံတော်၏ ပို့ကုန်တစ်ခုအနေဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကော်ဖီစိုက်ပျိုးမှုများကို စည်းကမ်းနှင့်အညီ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဆေးရုံတည်ဆောက်ရေးအတွက် မြေနေရာရွေးချယ်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သည့် ရေ၊ မီးများရရှိရေး၊ အုပ်ချုပ်မှုကိစ္စရပ်များ ဆောင်ရွက်ရန် အလှမ်းမီသည့်နေရာဖြစ်စေရေးနှင့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်သည့်နေရာ ဖြစ်စေရေးတို့ကို အခြေခံ၍ ရွေးချယ်ဆောင်ရွက်သွားရန်လိုကြောင်း၊ စည်ပင်သာယာရေး တာဝန်ရှိသူများအနေဖြင့် လမ်းများစနစ်တကျဖြစ်စေရန်နှင့် လမ်းများကောင်းမွန်အောင် ဆောင်ရွက်ရန်လိုပြီး လမ်းအင်္ဂါရပ်များနှင့် ကိုက်ညီအောင် ဖောက်လုပ်ရန်လိုကြောင်း၊ လမ်းဘေးဝဲယာတွင် ဒေသသာယာလှပရေးနှင့် ကိုက်ညီသည့် ပန်းအလှပင်များ၊ သစ်ပင်များစိုက်ပျိုးရန်လိုကြောင်း၊ ရေရရှိရေးနှင့် ရပ်ကွက်အလိုက် သာယာလှပရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ယခုကဲ့သို့ တွေ့ဆုံရခြင်းသည် ပြင်ဦးလွင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများအနေဖြင့် မည်ကဲ့သို့ ဆောင်ရွက်သွားရမည်ကို ဆွေးနွေးခြင်းပင်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာ ဝန်ထမ်းများအနေဖြင့် မိမိတို့ တာဝန်ထမ်းဆောင်နေရသည့် မြို့၏ ဖွံ့ဖြိုးတိုးတက်ရေး၊ သာယာလှပရေးအတွက် တတ်နိုင်သည့်ဘက်မှ ကြိုးပမ်းဆောင်ရွက်ကြရန်လိုပြီး မိမိတို့မြို့၊ မိမိတို့ဒေသအဖြစ်ခံယူ၍ဆောင်ရွက်သွားကြရန် လိုကြောင်း မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးသို့ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများကို ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ကို ကျန်းမာရေးမြို့တော်ဖြစ်စေရန် ရည်ရွယ်၍ ပုဂ္ဂလိက ဆေးရုံများ တည်ဆောက်ရန် လျာထားသည့်မြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကြရာ ဆေးရုံအုပ် ဒေါက်တာသိန်းထွန်း နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဧပြီ ၁၄ ရက် ညပိုင်းတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ ရှော့တိုက်ဒုံးဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အရိုးအကြောကုသဆောင်ပြင်ဆင်ထားရှိမှုနှင့် အဆိုပါကုသဆောင်တွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဒေသခံပြည်သူများ၏ ကျန်းမာရေးအခြေအနေများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဆေးရုံအတွင်းလှည့်လည်၍ လူနာဆောင်များနှင့် လူနာခန်းများ ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စက်ပစ္စည်းကိရိယာများကို ကောင်းမွန်မှုရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဥတ္တရသီရိမြို့နယ်၌ စီတာစပါးမျိုးစေ့ချကိရိယာဖြင့် လက်တွေ့အသုံးပြုမှုသင်တန်းပို့ချ

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မိုးစပါးကြဲခင်းပပျောက်ရေးနှင့် စီတာ (Seeder)မျိုးစေ့ချကိရိယာဖြင့် စိုက်စနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ရန် လက်တွေ့အသုံးပြုမှုသင်တန်းကို မေ ၂၇ ရက်က မင်းကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ သင်တန်းတွင် ဥတ္တရသီရိမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးနိုင်က စီတာ စပါးမျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးရာတွင် တောင်သူများလိုက်နာရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့်အချက်များ၊ တောင်သူများအနေဖြင့် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ စံနှုန်းအထွက်တိုးစေရန် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာကို အချိန်ကိုက်၊ အချိုးကျမျှတစွာ အသုံးပြုပြီး မျိုးကောင်း၊ မျိုးသန့်များ ရွေးချယ် စိုက်ပျိုးရန်လိုကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်း စသည်တို့ကို လိုက်နာကျင့်သုံးပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီအောင် ဆောင်ရွက်ကြစေလိုကြောင်း၊ စီတာစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပါက အပင်ပေါက်ညီညာခြင်း၊ လေဝင်လေထွက်ကောင်းခြင်း၊ ဆေးဖျန်းရလွယ်ကူခြင်း၊ ပေါင်းမြက်ကင်းစင်ရ လွယ်ကူခြင်း၊ မျိုးကွဲနုတ်ပယ်ရလွယ်ကူခြင်း၊ ပိုးမွှားရောဂါကင်းထောက်စစ်ဆေးရ လွယ်ကူခြင်း၊ အထွက်နှုန်းကောင်းမွန်ခြင်းနှင့် မျိုးစေ့ကုန်ကျမှုသက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ပြောကြားသည်။

အဆိုပါ စီတာစပါးမျိုးစေ့ချကိရိယာအသုံးပြုပုံကို လက်တွေ့သင်ကြားပို့ချပေးသည်။ ယင်းနောက်သရက်တောကျေးရွာအုပ်စု မသိမ်ကျေးရွာမှ ဒေသခံတောင်သူ ဦးသန်းတင့်အား ဆီထွက်သီးနှံ မိုးမြေပဲမျိုး တစ်ဧကအတွက် ဆင်းပဒေသာ(၁၁) ခြောက်တင်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကို လက်ခံတွေ့ဆုံ



**နေပြည်တော်    မေ   ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင် ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေးအမြင်ချင်းဖလှယ်**

တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ရေး၊ အွန်လိုင်းလိမ်လည်မှုဂိုဏ်းများ ပပျောက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ - တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ပိုမိုမြှင့်တင်ရန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် ကိစ္စရပ်များအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**နေပြည်တော်    မေ   ၃၀**

၂၀၂၄ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်(လေ) တံခွန်စိုက်ဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် မော်ဘီလေတပ်စခန်း အားကစားခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်(လေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြပြီး ကာကွယ်ရေးဦးစီးချုပ် (လေ) ကိုယ်စား ဗိုလ်မှူးချုပ် ကျော်သက်နိုင်က အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တပ်မတော်(လေ) ပိုက်ကျော်ခြင်းအသင်း၏ သရုပ်ပြခတ်ကစားမှုနှင့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၃ သင်းဖြင့် ဇွန် ၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

**နေပြည်တော်    မေ   ၃၀**

၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးတင့်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



အလားတူ တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးတွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများအား သက်ဆိုင်ရာတပ်နယ်အသီးသီးရှိ တာဝန်ရှိသူများက ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကောက်ခွန်ကုန်လှောင်ရုံအတွင်း သိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု စာရင်းထုတ်ပြန်

**နေပြည်တော်   မေ   ၃၀**

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းသိုလှောင်ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု စာရင်းကို ယနေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ (၂ / ၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

ကျန်းမာရေးကဏ္ဍတွင်ဆေးဝါးအလုံအလောက်ရရှိစေရေးအတွက်လည်းကောင်း၊ နိုင်ငံတော်၏ လျှပ်စစ်သုံးယာဉ် တိုးတက်အသုံးပြုမှုကို အထောက်အကူပြုနိုင်စေရေးအတွက် လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ကုန်ကြမ်းလိုအပ်မှုကို အချိန်တိုအတွင်း ထုတ်ယူအသုံးပြုနိုင်စေရေးတို့အတွက်လည်းကောင်း ရည်ရွယ်၍ ဆေးဝါး၊ လျှပ်စစ်သုံးယာဉ်အမျိုးမျိုးနှင့် ဆက်စပ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းများ၊ စက်မှုလုပ်ငန်းသုံး ဓာတုကုန်ကြမ်းပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများအား အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုသွားမည်ဖြစ်သည်။

အဆိုပါ ကုန်ပစ္စည်းများကို အကောက်ခွန်ကုန်လှောင်ရုံတွင် ထည့်သွင်းခွင့်ပြုခြင်းအားဖြင့် ပြည်တွင်းအငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်းများ ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်ရန် အထောက်အကူ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများအား ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုရန် အသိပေးကြေညာ

**နေပြည်တော်   မေ   ၃၀**

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁ ရက်မှစတင်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက် မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန် သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာ ( ၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှတင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီများကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့် ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက် မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင် တင်သွင်းဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန် ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထား လိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင်/ပါမစ် ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့် လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် နှိုးဆော်အသိပေးကြေညာခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စာပေဗိမာန်စာကြည့်တိုက်တွင် လာရောက်ဖတ်ရှုကြသည့် ပြည်သူများအပြင် ကျောင်းသား၊ ကျောင်းသူများ ပိုမိုလာရောက်ဖတ်ရှုနိုင်ရန် စာဖတ်ရှိန်မြှင့်တင်မှုကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်သွားရမည်

ရန်ကုန် မေ ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်စာကြည့်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့ကို ကြည့်ရှုစစ်ဆေးပြီး အရာထမ်းများနှင့် တွေ့ဆုံသည်။**

ရှေးဦးစွာ စာပေဗိမာန် စာကြည့်တိုက်တွင် ပြည်သူများ စာအုပ်စာပေဖတ်ရှုနေမှုကို ကြည့်ရှုပြီး စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် စာအုပ်အမျိုးအစားပေါင်း ၁၁၆ မျိုး၊ စာအုပ်ပေါင်း ၄၇၀၀၀ ရောင်းချနေမှုနှင့် စာပေချစ်ပြည်သူများ စာအုပ်စာပေ လေ့လာဝယ်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် စာပေဗိမာန်ရုံး အစည်းအဝေးခန်းမ၌ အရာထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စာအုပ်စာပေယဉ်ကျေးမှုသည် နိုင်ငံအတွက် အရေးပါပြီး စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က စာပေကို လေးစားမြတ်နိုးပြီး စာပေပညာရှင်များကို အထူးတန်ဖိုးထား အားပေးလျက်ရှိကာ စာပေကဏ္ဍ ဖွံ့ဖြိုးရေးတွင် တစိုက်မတ်မတ် ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စာပေဗိမာန် စာကြည့်တိုက်တွင် လာရောက်ဖတ်ရှုကြသည့် ပြည်သူများအပြင် ကျောင်းသား၊ ကျောင်းသူများ ပိုမိုလာရောက်ဖတ်ရှုနိုင်ရန် စာဖတ်ရှိန်မြှင့်တင်မှုကဏ္ဍတစ်ရပ်အဖြစ် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ခေတ်စနစ်နှင့်ကိုက်ညီသည့် စာဖတ်ရှိန်မြှင့်မားရေး လုပ်ငန်းစဉ်တစ်ရပ်ကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ လူငယ်များ စာပေပိုမိုဖတ်ရှုကြရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးကို အမြဲမပြတ် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။



စာပေပညာရှင်များ၊ ပြည်သူများ လာရောက်လေ့လာနိုင်မည့် နေရာတစ်ခု၊ စာပေဆွေးနွေးပွဲများနှင့် စာပေချစ်သူများ အေးချမ်းစွာ နားခိုပြီး စာပေဖတ်ရှုနိုင်မည့် နေရာတစ်ခုအဖြစ် အပြင်ကျောင်းသား ကျောင်းသူ လူငယ် လူရွယ်များ လာရောက်လေ့လာအပန်းဖြေနိုင်သည့် နေရာတစ်ခုအဖြစ် စာဆိုဗိမာန် တည်ဆောက်ရေးကို ဆောင်ရွက်လျက်ရှိပြီး မကြာမီ အကောင်အထည် ပေါ်လာမည်ဖြစ်ပါကြောင်း၊ မိမိတို့ဌာန၏ အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့၏ စွမ်းဆောင်ရည်ကိုမြှင့်တင်ပြီး ဌာန၏လုပ်ငန်းများ ပိုမိုအောင်မြင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စာပေဗိမာန်ရှိ ဌာနစိတ်တာဝန်ခံများက လုပ်ငန်းပိုင်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာနရှိ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများ ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ



**နေပြည်တော် မေ ၃၀**

စက်မှုဝန်ကြီးဌာန ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများ ကျောင်းဝတ်စုံ၊ ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စက်မှုဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများအနက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားမည့် ဝန်ထမ်း သားသမီး ကျောင်းသား ကျောင်းသူ ၆၂၄ ဦး ရှိကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိလျက် ထူးချွန်ထက်မြက်ပြီး တိုင်းပြည်မှ အားကိုးလေးစားပြုရမည့် သားကောင်း၊ သမီးကောင်း ရတနာများဖြစ်အောင် ကြိုးစားအားထုတ်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားမည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူများကို ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ရာ ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ ကိုယ်စားလှယ်များက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူဆောင်သစ်ဖွင့်ပွဲကျင်းပ

**နေပြည်တော် မေ ၃၀**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် (သန်လျင်) ၌ အသစ်တည်ဆောက်ပြီးစီးခဲ့သော ကျောင်းသားဆောင် (သံလွင်ဆောင်) နှင့် ကျောင်းသူဆောင် (မြရည်နန္ဒာဆောင်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တက္ကသိုလ်ပင်မဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားသို့ ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ တွဲဖက်ပါမောက္ခများ၊ အင်ဂျင်နီယာမှူးကြီးများ၊ ဌာနခွဲမှူးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများက ကျောင်းသားဆောင် (သံလွင်ဆောင်)နှင့် ကျောင်းသူဆောင်(မြရည်နန္ဒာဆောင်)တို့ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြကာ ကျောင်းသား ကျောင်းသူများ နေထိုင်မည့် အခန်းများ၊ ထမင်းစားဆောင်၊ သန့်စင်ခန်း၊ ရေချိုးခန်းများနှင့် အဆောင်ပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာနေထိုင်နိုင်ရေးအတွက်အဆိုပါကျောင်းဆောင်သစ်များကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ပြီး (၂၁၂ ပေ x ၁၃၂ ပေ x ၄၂ ပေ) အကျယ်အဝန်းရှိသည့် ၂၄၀ ဆံ့ သုံးထပ်ဆောင်များဖြစ်သည်။ ယခင်က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်တွင် အဆောင်များ မရှိခြင်းကြောင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ပြင်ပအဆောင်များတွင် နေထိုင်ခဲ့ရပြီး ကုန်ကျစရိတ်များပြားခဲ့သည်။ ယခုအခါ အဆောင်သစ်များ တည်ဆောက်ပေးနိုင်သည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် အဆောင်လခ၊ စားစရိတ်၊ ခရီးစရိတ်များ သက်သာမည့်အပြင် တက္ကသိုလ် ပရဝုဏ်အတွင်း အေးချမ်းလုံခြုံစွာ နေထိုင်နိုင်တော့မည်ဖြစ်သည်။

အဆောင်တိုင်းတွင် ကျောင်းသားတစ်ဦးစီအတွက် ခုတင်၊ အဝတ်ဗီရို၊ စာကြည့်စားပွဲ၊ ကုလားထိုင်နှင့် အခန်းတိုင်းတွင် မျက်နှာကြက်ပန်ကာများ တပ်ဆင်ပေးထားပြီး ၂၄၀ ဆံ့ ထမင်းစားဆောင်များ ထည့်သွင်းတည်ဆောက် ပေးထားကြောင်းနှင့် တက္ကသိုလ် ပြန်လည်ဖွင့်လှစ်မည့် ဇွန် ၃ ရက်မှစတင်၍ ကျောင်းသား ကျောင်းသူများကို အဆောင်သစ်များတွင် စတင်နေထိုင်ခွင့်ပြုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# နေပြည်တော်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စံနမူနာမီစာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃၀

**ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စံနမူနာမီ စာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**



အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာများနှင့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်အသစ် တည်ဆောက်ဖွင့်လှစ်ရန်နှင့် ပြုပြင်ရန် စာကြည့်တိုက်များကို နေပြည်တော် စာကြည့်တိုက် ဆောက်လုပ်ရေး ကြီးကြပ်မှုကော်မတီနှင့် ခရိုင်၊ မြို့နယ် စာကြည့်တိုက်ကြီးကြပ်မှု ကော်မတီများက ကြီးကြပ်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးက ကြီးကြပ်မှုကော်မတီဖွဲ့စည်းဆောင်ရွက်မှု အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်မည့်အခြေအနေများကို လည်းကောင်း၊ အစည်းအဝေးသို့ တက်ရောက်လာသူများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စံနမူနာမီ စာကြည့်တိုက်များ ပေါ်ထွန်းရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စံနမူနာမီစာကြည့်တိုက်များ၊ စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် ဒက္ခိဏသီရိ အသေးစားနှင့် အလတ်စားစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နေပြည်တော်ကောင်စီရုံး၌ ကျင်းပသည့် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သွင်းကုန်အစားထိုးလုပ်ငန်းများ၊ ပြည်ပပို့ကုန်တိုးမြှင့်ရေး လုပ်ငန်းများ၊ ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ထုတ်လုပ်နိုင်ရေး အလေးထား ဆောင်ရွက်စေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင် စက်မှုဇုန်ကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဇေယျာလင်းနှင့် ဌာနဆိုင်ရာများက စက်မှုဇုန်အတွင်း လျှပ်စစ်ပိုင်းဆိုင်ရာများ၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မင်းပြင်ကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်း ဆရာတော်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မင်းပြင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ စာသင်ဆောင်များ ပြင်ဆင်ထားမှုနှင့် ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌသည် မင်းပြင်ကျေးရွာ ဘက်စုံသုံးခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ပန်းတိုင်အထွက်နှုန်း ပြည့်ဝစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် သီးထပ်စွမ်းအားများ တိုးတက်အောင် စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းအပ်နှံနိုင်ရေး အလေးထား ဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဒေသခံပြည်သူများအတွက် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ကျေးရွာစာကြည့်တိုက်အတွက် ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များ၊ ဆီထွက်သီးနှံမျိုးစေ့များနှင့် ရတနာတန်းဝင်ကျွန်းပင်များကို ထောက်ပံ့ပေးအပ်ကြပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာ ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံအတွင်း ဆေးကုသမှုခံယူနေကြသည့် ပြည်သူများကို ရင်းရင်းနှီးနှီး လိုက်လံအားပေးစကား ပြောကြားကာ ဆေးရုံအတွက် ထောက်ပံ့ငွေနှင့် ပန်းပေါင်းစုံဗုဒ္ဓရုပ်ပွားတော်များ၊ ဒေသခံပြည်သူများအတွက် ပန်းပေါင်းစုံ ဗုဒ္ဓရုပ်ပွားတော်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**ဆီရမ်ရိ မေ ၃၀**

(၂၅) ကြိမ်မြောက် အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေး (25th ASEAN Sub–Committee Meeting on Information) ကို မေ ၂၉ ရက်မှ ၃၀ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့ရှိ Sokhalay Angkor Resort Hotel ၌ ကျင်းပရာ မြန်မာနိုင်ငံ – အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။



အဆိုပါ အစည်းအဝေးသို့ အာဆီယံ ပြန်ကြားရေးဆပ်ကော်မတီ (SCI) အလှည့်ကျ သဘာပတိနှင့် ကမ္ဘောဒီးယား–ပြန်ကြားရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် H.E. Dr. Sles Alfin နှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ပြန်ကြားရေးကဏ္ဍဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် အဆင့်ရှိ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ ပြန်ကြားရေး ကဏ္ဍဆိုင်ရာ ရှေ့လုပ်ငန်းစဉ် များအတွက် အာဆီယံယဉ်ကျေးမှု ရန်ပုံငွေ ဘတ်ဂျက်လျာထားခြင်း၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သည့် စီမံကိန်းများ၊ ပြန်ကြားရေးကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် စပ်လျဉ်းသည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများအား ဆွေးနွေးညှိနှိုင်းခြင်း၊ အဆိုပြုစီမံကိန်းအသစ်များအား ဆောင်ရွက်လိုသည့် နိုင်ငံများအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

ထိုသို့ဆွေးနွေးစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Project Proponent အဖြစ် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် “Documentary Production on Sustainable ASEAN MSMEs” စီမံကိန်းအပေါ် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံလုံး၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ယူဆောင်ရွက်သည့် “VIVID ASEAN” စီမံကိန်းနှင့် မီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သည့် “Workshop on Mastering Government Communication: Empowering Spokespersons for Effective Public Engagement” စီမံကိန်းများ အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီ (CPR) ၏ အတည်ပြုချက်ရရှိခဲ့မှုနှင့် လုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမှု၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိသည့် “Promotion of ASEAN Value and Identity in All AMS” စီမံကိန်းအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြ ဆွေးနွေးသည်။

အာဆီယံ ပြန်ကြားရေး ဆပ်ကော်မတီအစည်းအဝေးများကို အာဆီယံဒေသတွင်း သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းများမှတစ်ဆင့် အဖွဲ့ဝင်နိုင်ငံများ အချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတိုးပွားခိုင်မာလာစေရေး၊ အာဆီယံ စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရေးတို့အတွက် အဓိက ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယင်းအစည်းအဝေးများကို အာဆီယံ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် အလှည့်ကျသဘာပတိ တာဝန်နှင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ရာ ၂၀၂၅ ခုနှစ်တွင် ကျင်းပမည့် (၂၆) ကြိမ်မြောက် အာဆီယံပြန်ကြားရေး ဆပ်ကော်မတီ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံက အလှည့်ကျ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ ***ကျောဖုံးမှ***

အခြေခံ စားသောက်ကုန်ပစ္စည်းများ တင်ဆောင်လာပြီး အမ်း–ပဒါန်း လမ်းကြောင်းအတိုင်း ထွက်ခွာလာသည့် ကုန်စည်ပို့ဆောင်ရေး အရပ်ဘက်မော်တော်ယာဉ် ၂၇ စီးသည် မေ ၂၉ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့သို့ ရောက်ရှိလာရာ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး သောင်းထွန်းနှင့် တာဝန်ရှိသူများ၊ အမ်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများက ဝမ်းပန်းတသာ ကြိုဆိုကြသည်။

အဆိုပါ မော်တော်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ် စသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို ယနေ့ မွန်းလွဲပိုင်းတွင် အမ်းမြို့ရှိ ရွှေအမ်းတောင်ခန်းမ၌ ဒေသခံပြည်သူများအား သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ရာ တစ်ခဲနက်ဝယ်ယူအားပေးသည်။

အမ်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအနေဖြင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် အခြေခံစားသောက်ကုန်များအား သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိလျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျေးလက်စွမ်းပကားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးမှုကို ဖော်ဆောင်အံ့

ဇာနည် (ကျေးလက်)

**ကျေးလက်ဒေသဟုဆိုလိုက်သည်နှင့် စိမ်းစိုနေသော သစ်ပင်တန်းများ၊ ရွှေဝါရောင်စပါးခင်းနှင့် နေကြာခင်းများ၊ မြစိမ်းရောင်လွှမ်းနေသော သီးနှံမျိုးစုံစိုက်ခင်းများနှင့် ရိုးသားကြိုးစားကြသော ဒေသခံပြည်သူများကို မြင်မိကြသည်။ ထို့အတူ ဆည်းလည်းသံ တသွင်သွင်သာနေသော စေတီပုထိုးများနှင့် ကြေးစည်သံ တညံညံပေးနေသော ကျောင်းကန်ဘုရားများကလည်း မြန်မာ့ကျေးလက်အလှကို ဖော်ဆောင်ထားပေသည်။**



ပြင်ဦးလွင်မြို့နယ် ဆင်ဖြူအင်းကျေးရွာ စတော်ဘယ်ရီစိုက်ပျိုးရေး (RBF)

> **ကျေးလက်ဒေသအတွက် လမ်း၊ တံတား၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့သည် အခြေခံဖွံ့ဖြိုးရေး လိုအပ်ချက်များဖြစ်ကြသည်။ ထို့အတွက် ကျေးလက်ဒေသနေ ပြည်သူများအတွက် ဖုန်ထူထူကျေးရွာလမ်းများ နေရာတွင် ကွန်ကရစ်လမ်းများ ပြောင်းလဲအသုံးပြုစေခြင်း၊ ကန်သင်းရိုးများပေါ်မှ စိုက်ပျိုးရေးထုတ်ကုန်များကို သယ်ဆောင်နေရာတွင် ရာသီမရွေး သယ်ဆောင်သွားလာနိုင်သော ကုန်ထုတ်လမ်းကျယ်များ ဖောက်လုပ်ခြင်းတို့ဖြင့် ဖွံ့ဖြိုးစေခဲ့ပါသည်။ ရွာ၏အစပ် ချောင်းရိုး၊ မြောင်းရိုးအထိ သွားရောက်စောင့်ဆိုင်း ရေရယူရန် မလိုအပ်တော့ဘဲ ရေကြည်ရေသန့်ရရှိသော စက်ရေတွင်းများ၊ သန့်စင်မှုစနစ်ပါဝင်သော စိမ့်စမ်းရေသွယ်လုပ်ငန်းများဖြင့် အိမ်တိုင်ရာရောက် ရေကောင်းရေသန့် ရရှိစေခဲ့ပါသည်။ ထို့အတူ နေ့အလင်းကွယ်သည်နှင့် လျှပ်စစ်မီးရောင်ဖြင့် ထိန်ထိန်လင်းသည့် ကျေးရွာညများ ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်”**

မြန်မာ့ကျေးလက်သည် အေးချမ်းလှပနေသကဲ့သို့ ယင်းဒေသတွင် နေထိုင်ကြသော ပြည်သူများ၏ လူမှုစီးပွားဘဝများသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေရန် လိုအပ်လှပါသည်။ ကျေးလက်ဒေသများသည် ယနေ့နှင့်မနက်ဖြန် တူညီစွာ ရပ်တန့်နေ၍မရပေ။ နိုင်ငံ့လူဦးရေ၏ သုံးပုံနှစ်ပုံခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြသူများဖြစ်သည့်အတွက် ယင်းတို့၏ လူနေမှုအဆင့်အတန်းများ၊ ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးအခြေအနေများသည် အစဉ်အမြဲ ပြောင်းလဲတိုးတက်နေရန်လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်ကြီးစည်ပင်သာယာဝပြောရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် ကျေးလက်ဒေသများကို အခြေခံထား၍ ဖော်ဆောင်ကြရခြင်းပင်ဖြစ်ပါသည်။

**နေ့အလင်းကွယ်သည်နှင့် ထိန်ထိန်လင်းသည့် ကျေးရွာညများ ဖန်တီးပေးနိုင်ခဲ့ပြီ**

ကျေးလက်ဒေသအတွက် လမ်း၊ တံတား၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့သည် အခြေခံဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်ကြသည်။ ထို့အတွက် ကျေးလက်ဒေသနေပြည်သူများအတွက် ဖုန်ထူထူကျေးရွာလမ်းများနေရာတွင် ကွန်ကရစ်လမ်းများ ပြောင်းလဲအသုံးပြုစေခြင်း၊ ကန်သင်းရိုးများပေါ်မှ စိုက်ပျိုးရေးထုတ်ကုန်များကို သယ်ဆောင်နေရာတွင် ရာသီမရွေး သယ်ဆောင်သွားလာနိုင်သော ကုန်ထုတ်လမ်းကျယ်များ ဖောက်လုပ်ခြင်းတို့ဖြင့် ဖွံ့ဖြိုးစေခဲ့ပါသည်။ ရွာ၏အစပ် ချောင်းရိုး၊ မြောင်းရိုးအထိ သွားရောက်စောင့်ဆိုင်းရေရယူရန် မလိုအပ်တော့ဘဲ ရေကြည်ရေသန့်ရရှိသော စက်ရေတွင်းများ၊ သန့်စင်မှုစနစ်ပါဝင်သော စိမ့်စမ်းရေသွယ်လုပ်ငန်းများဖြင့် အိမ်တိုင်ရာရောက် ရေကောင်းရေသန့်ရရှိစေခဲ့ပါသည်။ ထို့အတူ နေ့အလင်းကွယ်သည်နှင့် လျှပ်စစ်မီးရောင်ဖြင့် ထိန်ထိန်လင်းသည့် ကျေးရွာညများ ဖန်တီးပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

ထိုကဲ့သို့ ကျေးရွာတိုင်းဖွံ့ဖြိုးမှု အခြေခံကောင်းများရရှိရေးလုပ်ငန်းများကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နှစ်စဉ်မပြတ် ဖော်ဆောင်ပေးလျက်ရှိပါသည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးဆောင်ရွက်ပေးရန် လွန်ခဲ့သော ၁၂ နှစ်ခန့်က ဖွဲ့စည်းခဲ့သော ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) နှင့် မြန်မာနိုင်ငံ၏ အမျိုးသားဘက်စုံရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(MNCSDP)တို့နှင့် ကိုက်ညီပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင် (၅) ရပ် ချမှတ်ကာ ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများရေးဆွဲကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း (Smart Village)၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF)၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)၊ လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း (Cash-for-Work) နှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများသည် ပြည်သူများအကြား ထင်ရှားသည့် ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးမှုစီမံကိန်းများပင်ဖြစ်ပါသည်။

ယင်းစီမံကိန်းများသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို လျင်လျင်မြန်မြန် ဖော်ဆောင်သွားနိုင်သည့်အတွက် ကျေးလက်ပြည်သူအများ မိမိတို့ရပ်ရွာအတွက် ဆောင်ရွက်ပေးစေလိုသည့် ကျေးရွာတိုင်း အလိုရှိသည့် ပြည်သူအခြေပြုဖွံ့ဖြိုးရေးစီမံကိန်းများပင်ဖြစ်ပါသည်။

**လုပ်ငန်းအလိုက် ဖွံ့ဖြိုးမှုရရှိစေရန် ဆောင်ရွက်နိုင်ခဲ့**

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တစ်နှစ်အတွင်းပင်လျှင် မြစိမ်းရောင်ကျေးရွာစီမံကိန်းထပ်တိုးကျေးရွာ ၂၄၆ ရွာအပါအဝင် ကျေးရွာ ၁၄၉၅၈ ရွာ၊ Digital Payment စနစ်ဖြင့် ကျေးရွာ ၂၄၃ ရွာ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကျေးရွာ ၁၈၆၄ ရွာ၊ ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်းကျေးရွာ ၈၈ ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းကျေးရွာ ၉၁ ရွာ ၊ Cash for Work စီမံကိန်း ကျေးရွာ ၉၈ ရွာတို့တွင် လုပ်ငန်းရပ်အလိုက် ဖွံ့ဖြိုးမှုရရှိစေရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးရေးနှင့် မိသားစုဝင်ငွေတိုးပွားရေးကို ထိုကဲ့သို့ ကြိုးပမ်းဖော်ဆောင်နေသည့်အပြင် ကျေးလက်ရေရရှိရေး၊ ကျေးလက်မီးလင်းရေး၊ ကျေးလက်ကုန်ထုတ်လမ်းနှင့် ကုန်ထုတ်တံတားများ တည်ဆောက်ခြင်း၊ ကျေးလက်အိမ်ရာတည်ဆောက်ခြင်း စသည့်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများစွာကိုလည်း တစ်ချိန်တည်း ဖော်ဆောင်ပေးလျက်ရှိပါသည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွင်း ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၇၈၀ ၊ ကျေးလက်မီးလင်းရေးလုပ်ငန်း ကျေးရွာ ၉၄၀ ၊ ဆိုလာစိုက်ပျိုးရေတင်စနစ်လုပ်ငန်း ၉၈ ခု၊ ကျေးလက်ကုန်ထုတ်လမ်း (၅၃၂/၁.၄) မိုင်၊ ကျေးလက်ကုန်ထုတ်တံတား ၁၁၅၉ စင်း၊ ကျေးလက်အိမ်ရာ ၃၂ လုံးကို

*စာမျက်နှာ ၁၁ သို့*



ဟသ်ာတမြို့နယ် ဆိုလာစိုက်ပျိုးရေရရှိရေးအတွက် ဆိုလာပြားများဖြင့် လက်တွေ့ရေတင်နေမှု။



ကျောက်တော်မြို့နယ် ဝါးလက်မှုသင်တန်းကျောင်းမှ သင်တန်းသားများ ဝါးလက်မှုပညာများကို လက်တွေ့ရက်လုပ်။

# ချင်းပြည်နယ်၌ သင်ကြားရေးအထောက်အကူပြု မွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားကျင်းပ




**ဟားခါး မေ ၃၀**

ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဟားခါးပညာရေး ဒီဂရီကောလိပ်က ကြီးကြပ် ဖွင့်လှစ်ပို့ချသည့် သင်ကြားရေး အထောက်အကူပြု မွမ်းမံ သင်တန်း "Training on Effective Strategies for New Curri-culum" သင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၂၈ ရက်က ဟားခါးမြို့ ပြည်နယ်အစိုးရ အဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်း အဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်းဆွန်းထန်က ပညာရေးဒီဂရီကောလိပ်သည် အခြေခံပညာ ကျောင်းများ အတွက် ဆရာ ဆရာမများကို အဓိက မွေးထုတ်၊ လေ့ကျင့်ပေး သည့် ဒီဂရီကောလိပ်ဖြစ်ကြောင်း၊ ဆရာဆရာမများသည် ၂၁ ရာစု၏ ပြောင်းလဲ တိုးတက်လာသော ပညာရပ်များကို ကျောင်းသား ကျောင်းသူများအား အပြည့်အဝ ပေးနိုင်ရန် တစ်သက်တာသင်ယူမှု (Life long learning) လုပ်ရန် လိုအပ်ပြီး မိမိကိုယ်ကို ထာဝရ ကျောင်းသားဖြစ်သည်ဟု အစဉ် သတိရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာ ကျောင်းက ဆရာ ဆရာမများ အတွက် ယခုကဲ့သို့ ရက်တိုမွမ်းမံ သင်တန်း ပြုလုပ်ပေးရခြင်း ဖြစ်ကြောင်းနှင့် သင်တန်းတွင် ပို့ချသည့် အခြေခံ အင်္ဂလိပ်စာ သင်ကြားခြင်းအတွက် အရေးကြီး သော အခြေခံများကို အသုံးချရင်း ၂၁ ရာစုပညာရေး၏ C ငါးလုံး ဖြစ်သော ဝေဖန်ပိုင်းခြားတွေးခေါ် ခြင်း(critical thinking)၊ တီထွင် ကြံဆခြင်း(creativity)၊ ဆက်သွယ် ပြောဆိုခြင်း (communication)၊ ပူးပေါင်းဆောင်ရွက်ခြင်း (colla-boration)နှင့် ကောင်းမွန်သည့် အပြုအမူ (character)တို့ကို ကျောင်းသားများအားလုံး ရရှိ သွားရုံသာမက ကျွမ်းကျင်မှုငါးမျိုး ကိုပါ ရရှိသွားသည်အထိ ကြိုးစား သင်ကြားပေးရန် တိုက်တွန်းသည်။

ထို့နောက် ဟားခါးပညာရေး ဒီဂရီကောလိပ် တာဝန်ခံ ကျောင်းအုပ် ဒေါ်ငွန်လျန်မွေး က သင်တန်းတက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများ၏ အခြေအနေကို ရှင်းလင်းတင်ပြပြီး သင်တန်းတွင် ဆုရရှိသူများ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင် များက ဆုများပေးအပ်ချီးမြှင့်ပြီး နောက် သင်တန်းသားများအတွက် သင်တန်းဆင်း လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုလှုပ်ရှားမှုဆောင်ရွက်

**ညောင်ဦး မေ ၃၀**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အကြိုလှုပ်ရှားမှုအဖြစ် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနက ဦးဆောင်ကာ ခရိုင်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင် သာယာရေးဦးစီးဌာန၊ Bagan Plastic Champaign နှင့် သရုပါဟိုတယ်ဝန်ထမ်းများ စုပေါင်း၍ ပလတ်စတစ်အမှိုက်များကောက်ခြင်းနှင့် အသိပညာပေးစာစောင်ဖြန့်ဝေခြင်း ကို မေ ၂၉ ရက်က ဆောင်ရွက်သည်။

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဓမ္မရာဇိကာဘုရားသွားရာ လမ်းတစ်လျှောက်မှ ပလတ်စတစ်အမှိုက်များကို စနစ်တကျ ကောက်ယူစွန့်ပစ် ပြီးနောက် ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် သဲကန္တာရ တိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး လက်ကမ်း စာစောင်များကို လူစည်ကားရာနေရာများဖြစ်သည့် မဏိစည်သူဈေး၊ ဘုန်းစဉ်အခွန် လွတ်ဈေး၊ လေယာဉ်ကွင်းလမ်းဆုံနှင့် ဓမ္မရံကြီးဘုရားတို့တွင် အခမဲ့ဝေငှပေးခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

*စာမျက်နှာ ၁၀ မှ*

ကျေးလက်ပြည်သူများထံ ဆောင်ကြဉ်းပေးနိုင်ခဲ့ သည့်အပြင် ကျေးလက်ပြည်သူ အသက်မွေးဝမ်း ကျောင်း အထောက်အကူပြုသင်တန်းများကို နိုင်ငံတစ်ဝန်း ဖွင့်လှစ်နိုင်ခဲ့ရာ (၄၁၂) ကြိမ်အထိ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ နိုင်ငံတော်စီမံကိန်းဝင် သီးနှံ များဖြစ်သော ဝါနှင့် နေကြာအပါအဝင် ဆီထွက် သီးနှံ တိုးချဲ့စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေ ရရှိရေး နှင့် ငွေကြေးနှင့် သွင်းအားစု ကူညီထောက်ပံ့ရေး ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

**"ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ရာတွင် ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုများ၊ ပြည်တွင်း ပြည်ပ အစိုးရ မဟုတ်သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဖွံ့ဖြိုးရေး အေဂျင်စီများနှင့် လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ တရုတ်ပြည်သူ့သမ္မတ နိုင်ငံအစိုးရ ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် မဲခေါင်-လန်ချန်းပူးပေါင်း ဆောင်ရွက်မှု စီမံကိန်းများသည်လည်း အရေးပါသည့် စီမံကိန်းများဖြစ်"**

### အရေးပါသည့် စီမံကိန်းများဖြစ်

သိသာထင်ရှား၍ ထိရောက်အကျိုးများသော ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဖော်ဆောင်ရာတွင် နိုင်ငံတော်၏ ဘဏ္ဍာငွေအရင်း အမြစ်တစ်ခုတည်းသာမကပဲ ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုများ၊ ပြည်တွင်း ပြည်ပအစိုးရမဟုတ် သော အဖွဲ့အစည်းများ၊ ကုလသမဂ္ဂဖွံ့ဖြိုးရေး အေဂျင်စီများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက် ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်သည့် မဲခေါင်- လန်ချန်းပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများသည် လည်း အရေးပါသည့် စီမံကိန်းများဖြစ်ကြပါသည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအနေ ဖြင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရွာသစ် ကျေးရွာတွင် **ကျေးရွာအဆင့် ဆင်းရဲမှုလျှော့ချရေး ဆိုင်ရာ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း၊** ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဒေးဒရဲမြို့နယ်များရှိ ကျေးရွာ ၃ ရွာတွင် **ပြည်သူအခြေပြုရေသန့်စင်စနစ်နှင့် အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော ကျေးရွာ ရေရရှိ ရေးစီမံကိန်း၊** မဲခေါင်-လန်ချန်းအထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်၊ ညောင်ရွှေမြို့နယ်နှင့် လွိုင်လင်မြို့နယ်များရှိ ကျေးရွာသုံးရွာ၌ **တောင်ပေါ် ဒေသတွင် ရေသန့်စင် စနစ်နှင့်အိမ်သွယ်ရေတိုင်စနစ်ပါဝင်သော စိမ့်စမ်း ရေသွယ်တန်းခြင်းစီမံကိန်း၊** တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် **အသေးစား ဓာတ်အားပေးစနစ်စီမံကိန်း** လုပ်ငန်းနှစ်ခု၊ မဲခေါင်- လန်ချန်းအထူးရန်ပုံငွေ ၂၀၂၃ ဖြင့် ဧရာဝတီတိုင်း ဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အသေးစားဓာတ်အားပေးစနစ် စီမံကိန်းလုပ်ငန်း တစ်ခုစီ ဆောင်ရွက်လျက်ရှိပါသည်။

ကျေးလက်ဦးစီးဌာနအနေဖြင့် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်း အမျိုး အစားပေါင်း ၁၂ မျိုး၊ ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၈၀၅၂ ခုကို ကျေးရွာပေါင်း ၅၅၃၈ ရွာမှာ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသခံပြည်သူ ၁၂ ဒသမ ၉ သန်းကို အကျိုးပြုစေနိုင်ခဲ့ပါသည်။

စီမံကိန်းအရပ်ရပ် ချမှတ်ဆောင်ရွက်ပြီး ကျေးလက်ပြည်သူ အကျိုးစီးပွားကို လက်တွေ့ ဖော်ဆောင်ရာတွင် **ကျေးလက်ရေရရှိရေးလုပ်ငန်း များသည်** နိုင်ငံတော်ရန်ပုံငွေများဖြင့်သာမက မိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များဖြင့် ပူးပေါင်းဆောင်ရွက်ပေးနိုင်ခြင်း၊ Water Donation App အသုံးပြု၍ နွေရာသီရေရှားပါးမှု/ရေလှူဒါန်းမှု များကို အချိန်နှင့် တစ်ပြေးညီ သတင်းပေးပို့နိုင် ခြင်း၊ ဆိုလာရေတင်စနစ်များ ဆောင်ရွက်ပေးခြင်း ဖြင့် လျှပ်စစ်ဓာတ်အား၊ လောင်စာဆီသုံးစွဲမှု လျှော့ချနိုင်ပြီး သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့နည်းသက်သာစေခြင်းစသည့် အားသာချက် များကို တွေ့ရှိရပါသည်။

ထို့အတူ **ကျေးလက်မီးလင်းရေးလုပ်ငန်းများ သည်** ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အသုံးပြုခြင်း ကြောင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှု လျော့နည်းစေကာ မဟာဓာတ်အားလိုင်းပြင်ပ ကျေးရွာများ ကုန်ကျစရိတ် သက်သာစွာဖြင့် ကျေးလက်ပြည်သူများ စွမ်းအင်ရယူသုံးစွဲနိုင်ခဲ့ကြ ပါသည်။

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း သည်** မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းကို ကိုယ်တိုင် သုံးသပ်ဆုံးဖြတ်ဆောင်ရွက်ကြရသည့် အတွက် ကျေးရွာနေပြည်သူများ၏ စွမ်းဆောင် ရည်များ မြင့်မားလာစေပြီး ဖွံ့ဖြိုးရေးအတွက် အဟန့်အတားနှင့် အခက်အခဲများကို ကိုယ်တိုင် သိရှိကာ ဖြေရှင်းနိုင်မည့် နည်းလမ်းများ ဖော်ထုတ် ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

### အခြေခံ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

ထို့အတူ **ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းကြောင့်** ဒေသထွက် ကုန် အပေါ် အခြေခံသည့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်လာစေသည့်အပြင် အလုပ်အကိုင် အခွင့် အလမ်းများစွာ ရရှိနိုင်စေပါသည်။ အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး Digital Service နှင့် Digital Payment စနစ်များ ဖွံ့ဖြိုးလာ ခြင်း၊ ကျေးလက်နှင့် မြို့ပြအကြား ပြည်သူ့ ဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ပုံမှန်ချိတ်ဆက် ဆောင်ရွက်နိုင်ရန် **ခေတ်မီစံပြကျေးရွာထူထောင် ရေးစီမံကိန်းက များစွာအထောက်အကူပြုစေခဲ့ပါ သည်။**

**ထိုသို့ ဖွံ့ဖြိုးရေးစီမံကိန်းများ ဖော်ဆောင်ရာ တွင်** ကဏ္ဍအလိုက်၊ ဒေသအလိုက် အားနည်းချက် များ၊ ကန့်သတ်ချက်များလည်း တွေ့ကြုံခဲ့ရပါသည်။ နွေရာသီရေရှား ကျေးရွာများ၌ မြေအောက်ရေ အရင်းအမြစ်မရှိခြင်း၊ ရေစုကန်များ ဆောင်ရွက်ရန် မြေနေရာမရရှိခြင်း၊ လျှပ်စစ်မီးရရှိမှု အကန့်အသတ် ရှိခြင်းတို့ကြောင့် လျှပ်စစ်ရေတင်စနစ်များ လည်ပတ်ရာတွင် အဟန့်အတား ဖြစ်ခြင်းကဲ့သို့သော အားနည်းချက်များလည်း တည်ရှိခဲ့ပါသည်။

မိသားစုဝင်ငွေတိုးပွားရေးအတွက် လည်ပတ် ရန်ပုံငွေ မတည်ဆောင်ရွက်ပေးနေသော စီမံကိန်း များတွင် လတ်တလောဖြစ်ပေါ်နေသော နယ်မြေ လုံခြုံရေးအခြေအနေနှင့် သဘာဝဘေးအန္တရာယ် များကြောင့် ကျေးရွာအနည်းငယ်၌ လုပ်ငန်းများ ယာယီရပ်တန့်နေခြင်း၊ ဝန်ထမ်းများ ကွင်းဆင်း ကြီးကြပ်ရန်ခက်ခဲခြင်းများ ကြုံတွေ့ခဲ့ကြရပါသည်။ ထို့ပြင် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများ လွှမ်းခြုံ ဆောင်ရွက်ရန်နှင့် ကျေးလက်ပြည်သူများ၏ ဖွံ့ဖြိုး ရေးဆိုင်ရာ တင်ပြတောင်းဆိုချက်များကို အပြည့် အဝဖြည့်ဆည်းပေးရန် ရန်ပုံငွေလုံလောက်မှုမရှိခြင်း ကလည်း စိန်ခေါ်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

သို့သော် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေဖြင့် လုပ်ငန်းရပ်များ ဆောင်ရွက်ရင်း တွေ့ကြုံခဲ့ရသည့် အားသာချက်၊ အားနည်းချက်များ ကို အခြေခံကာ ပိုမိုကောင်းမွန်သော အစီအမံများ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အားအင်အပြည့်ဖြင့် ဖော်ဆောင်ရင်း ကျေးလက် ပြည်သူအကျိုးအတွက် ကြိုးပမ်းနေမည် ဖြစ်ပါ သည်။

ထို့အတွက် ယခုဘဏ္ဍာနှစ်တွင် ကျေးလက် ရေရရှိရေးလုပ်ငန်း ၉၅၉ ခု၊ ကျေးလက် မီးလင်းရေး လုပ်ငန်းအတွက် ကျေးရွာ ၂၀၅ ရွာတွင် တစ်အိမ်သုံး ဆိုလာစနစ် ၁၁၉၄၉ စုံ၊ အသေးစား ဓာတ်အားပေး စနစ်လုပ်ငန်းနှစ်ခု၊ ဆိုလာစိုက်ပျိုးရေတင်စနစ် လုပ်ငန်း ၄၀ ၊ ကျေးလက် ကုန်ထုတ်လမ်း (၄၁၉/၁ ဒသမ ၇၃၇) မိုင်၊ ကျေးလက်ကုန်ထုတ်တံတား ၈၀၈ စင်း၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကျေးရွာယူနစ် ၁၉၅ ယူနစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကျေးရွာ ၁၆၈၉ ရွာ၊ ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကျေးရွာ ၄၀ ၊ ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ကျေးရွာယူနစ် ၆၀၊ အသက်မွေးဝမ်းကျောင်း သင်တန်း (၂၈၄) ကြိမ်ကို အောင်အောင်မြင်မြင် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ကြိုးပမ်း လုပ်ဆောင်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြ လိုက်ရပါသည်။ ။

# စာပေဗိမာန်စာမူဆုရစာအုပ် ဖြန့်ချိရောင်းချ

**နေပြည်တော် မေ ၃၀**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၂၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု လူငယ်စာပေ ပထမဆုရရှိသည့် စာရေးသူ ဆောင်းချစ်၏ **"ချယ်ရီလက်ဆောင် ပန်းလက်ဆောင်"** စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် လူငယ်တစ်ဦးက သူဖြတ်သန်းခဲ့ရသော မတူကွဲပြားခြားနားသည့် အတွေ့အကြုံနှစ်မျိုးကို ပကတိအခြေအနေအတိုင်း တင်ပြရေးဖွဲ့ထားသည်။ ပထမပိုင်းတွင် အသက် ၁၇ နှစ်အရွယ် စာရေးသူက တောင်ကြီးမြို့ ပညာရေးကောလိပ်တွင် တက်ရောက်ပညာသင်ကြားနေစဉ် ဂျပန်-အရှေ့အာရှ ကျောင်းသား ကျောင်းသူများ ချစ်ကြည်နီးနှောဖလှယ်ရေး အစီအစဉ်ဖြင့် ဂျပန်နိုင်ငံသို့ ၁၀ ရက်ကြာ လေ့လာရေးခရီး သွားရောက်ခဲ့ရာ ဂျပန်နိုင်ငံ၏ ကောင်းမွန်သော ပညာရေးစနစ်၊ တိုးတက်မြင့်မားသော လူနေမှုဘဝ၊ တစ်နိုင်ငံလုံး သန့်ရှင်းသပ်ရပ်မှုနှင့် အလှအပ၊ ဂျပန်လူမျိုးတို့၏ စိတ်နေစိတ်ထား၊ ဖွဲ့လုံ့လ၊ စည်းကမ်းရှိမှု၊ တိကျသေချာမှု၊ အချိန်လေးစားမှုတို့ကို အားကျအတုယူဖွယ် ရေးဖွဲ့သွားသည်။

ဒုတိယပိုင်းတွင်မူ အသက် ၂၀ ကျော်အရွယ်၊ ပညာရေးကောလိပ်မှ ကျောင်းဆင်းပြီးနောက် ပညာရေးဝန်ထမ်းအဖြစ် သူတာဝန်ကျသည့်ရွာတွင် အခက်အခဲပေါင်းများစွာ၊ စိန်ခေါ်မှုပေါင်းများစွာဖြင့် ဒေသခံကလေးများကို မူလတန်းသင်ပေးခဲ့ရပုံနှင့် ကျေးလက်နေကလေးများ၏ ပညာရေး ရင်လေးဖွယ်ကိစ္စရပ်များကို ရေးဖွဲ့တင်ပြထားသည်။

မိမိနိုင်ငံသည် နိုင်ငံတကာနှင့် အဘက်ဘက်တွင် ပခုံးချင်းယှဉ်နိုင်အောင် ကြိုးစားဖို့ နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ တိုးတက်သောနိုင်ငံများ၏ စံနမူနာများကိုယူ၍ အားကျစိတ်၊ အတုယူစိတ်ကို မွေးမြူသင့်ကြောင်း၊ နိမ့်ကျသော ကျေးလက်နေ ပြည်သူတို့၏ ဘဝများစွာကို စာနာ၍ သူတို့ဘဝ တိုးတက်မြင့်မားရေးအတွက် မိမိစွမ်းဆောင်နိုင်ရာ တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်သင့်ကြောင်း ရေးသားတင်ပြထားသည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ (၈၆)လမ်း (၂၁)လမ်းနှင့် (၂၂) လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မေ ၃၀**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




၁ - ၆ -၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၂၂)တွင် သူငယ်ချင်းများက သူ့အပေါ်တွင် မည်သို့ပင် ပြောဆိုဆက်ဆံသော်လည်း သည်းခံကာ ကူညီပေးတတ်သော ပုပုအကြောင်း တင်ဆက်ထားသည့် "သူငယ်ချင်း" မျက်နှာဖုံးကာတွန်း၊ ရေကိုတန်ဖိုးထား၍ စနစ်တကျသုံးစွဲကြရန်နှင့် ရေထုညစ်ညမ်းမှုမဖြစ်အောင် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းသင့်ကြောင်း ဗဟုသုတဖြစ်ဖွယ် ရေးသားထားသည့် "ရေချိုသယံဇာတကို ထိန်းသိမ်းကြပါစို့" သုတဆောင်းပါးကဏ္ဍ၊ သူငယ်ချင်း တူးမာနှင့်အတူ ပန်းချီသင်တန်း တက်ချင်သည့် ဖိုးလပြည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးလပြည့်" နှစ်မျက်နှာကာတွန်း၊ မိဘဆိုသည်မှာ သားသမီးများကို သူတို့အသက်ထက်ပင် ချစ်မြတ်နိုးကြောင်းကို နားလည်သဘောပေါက်သွားသည့် ထွန်းတောက်အကြောင်း ရေးသားထားသည့် "မေမေ့ကို မမုန်းတော့ပါ" ဝတ္ထုကဏ္ဍ၊ သူငယ်ချင်းများကို အစအနောက်သန်သည့် 'လင်းသစ်'အကြောင်း တင်ဆက်ထားသည့် "လင်းသစ်" တစ်မျက်နှာကာတွန်း၊ ကြွက်တွေ၏ အကင်းပါးမှုကြောင့် ကြောင်နက်ကြီး၏ ရန်မှလွတ်မြောက်သွားသည့်အကြောင်း ရေးသားထားသည့် "ဉာဏ်များတဲ့ ကြောင်နဲ့ အကင်းပါးတဲ့ ကြွက်" ပုံပြင်ကဏ္ဍ၊ ဖေဖေသည် မေမေကလွဲ၍ မည်သည့်အရာမျိုးကိုမဆို မကြောက်တတ်ဘူးဆိုသည်ကို ကြွားချင်သည့် ဖြိုးရဲအကြောင်း တင်ဆက်ထားသည့် "ကြွားလိုက်မယ်" နှစ်မျက်နှာကာတွန်း၊ ဒုက္ခရောက်နေသူကို ကူညီပေးရမည်မှာ လူငယ်တို့၏ တာဝန်သာဖြစ်သင့်ကြောင်း ခံယူထားသော 'ဖိုးသောကြာ' အကြောင်း တင်ဆက်ထားသည့် "ကူညီတတ်သောစိတ်" နှစ်မျက်နှာကာတွန်း၊ တိုက်ခန်းတစ်ခန်းတွင် ဆူညံမှုနှင့် ပတ်သက်ပြီး အိမ်နီးချင်း တိုက်ခန်းအချင်းချင်း ပြောဆိုသည့်အကြောင်းကို ရေးသားထားသည့် "ရွှေသွေးစကားဝိုင်း" ကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံစုံ လင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကဝမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်

**ကဝ မေ ၃၀**
ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ် ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နိုင်ရန် ပြင်ဆင်ဆောင်ရွက် ထားရှိမှုများကို ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၂၉ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။

ခရိုင်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများက အန္တရာယ်ရှိသော သစ်ပင်များကို ကြိုတင်ခုတ်ထွင် ရှင်းလင်းထားရှိရန်၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ကြိုတင်ပြင်ဆင်ထားရှိရန်၊ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရန်အတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိရန် မှာကြားပြီး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကဝမြို့နယ် မီးသတ်ဦးစီးဌာနရုံးတွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၂၀ နှင့် ကယ်ဆယ်ရေးပစ္စည်းများ အဆင်သင့်ပြင်ဆင် ဆောင်ရွက်ထားရှိပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ရုံးဖုန်း ၀၅၂-၈၀၁၉၁ သို့ ဆက်သွယ် အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**


# မြန်မာစာ မြန်မာစကား

## ရောထွေးတတ်သော ကာ နှင့် ခါ

**ကာ**နှင့် **ခါ**သည် အရေးမတူသော်လည်း အသံထွက်တူတတ်သောကြောင့် ရေးရာ၌ ရောထွေးတတ်သည်။

**တစ်ပြိုင်နက်ဖြစ်စေ၊ ဆက်တိုက်ဖြစ်စေ** ဖြစ်ပျက်ကြောင်းကို ပြလိုသော် **ကာ** ကို သုံးသည်။

- အိပ် **ကာ** စား **ကာ** နေသည် ။
- ရယ် **ကာ** မော **ကာ** ပြောသည်။
- ဆေးလိပ်ကိုက် **ကာ** စာဖတ်သည်။




**အချိန်၊ အခါ၊ ကာလ** တို့ကို ပြလိုသော် **ခါ** ကို သုံးသည် ။

- ငယ်စဉ်အ**ခါ** ပညာမရှာလျှင် ကြီး**ခါ**မှ နောင်တရမည်။
- ပန်းများကို ဆုပ်**ကာ**၊ ကြဲပြီးသောအ**ခါ**လျှင် ...
- ဘဝ မွန်းတိမ်းချိန်ရောက်**ခါ**မှ
- လက်ဖျားကိုင်**ကာ**၊ လျှောသော**ခါ**လည်း၊ မျက်ပါမရှိ ...
- အလွမ်းထပ်**ကာ**၊ ခချိန်**ခါ**ကို၊ လေပါမိုးနှင့်...
- ရွှေချဉ်ပေါင်တုံး**ခါ**မှ၊ မောင်ဖုန်းပြန်ခဲ့မယ်။
- ရောက်**ခါ**နီး
- ဖြစ်**ခါ**နီး



မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။



# သရက်မြို့နယ် မြို့မပျိုးဥယျာဉ်၌ ပျိုးပင်စုံ ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိ

**သရက် မေ ၃၀**
မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်း ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးနိုင်ရန်အတွက် ပျိုးပင်မျိုးစုံ ၁၃၀၀၀၀ ကျော်ကို သရက်မြို့နယ် သစ်တောဦးစီးဌာန မြို့မပျိုးဥယျာဉ်၌ ပျိုးထောင်ထားကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနသည် နှစ်စဉ်ပျိုးပင်များကို ပျိုးထောင်ထားရှိပြီး မြို့နယ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် မြို့နယ်အတွင်းရှိတောများ စိမ်းလန်းစိုပြည်စေရန်နှင့် သဘာဝရာသီဥတုကောင်းမွန်မျှတစေရန်၊ ဒေသခံပြည်သူများ စိုက်လိုသည့် ပျိုးပင်များကို စိုက်ပျိုးနိုင်စေရန်အတွက် အခမဲ့ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်သစ်တောဦးစီးဌာနတွင် ယခုနှစ် မိုးရာသီ စိုက်ပျိုးရန် ပိတောက်ပင် ၅၅၀၀၊ ယူကလစ် ၆၀၀၀၀၊ တမာ ၂၀၀၀၀၊ ရေတမာ ၁၅၀၀၀၊ မြန်မာကုက္ကို ၂၀၀၀၀၊ မန်ကျည်းရှား ၄၅၀၀၊ ရှားပင် ၆၅၀၀ နှင့် ဝါးပင် ၁၂၀၀ ကို အမိုးအကာဖြင့် ပျိုးထောင်၍ သစ်တောဦးစီးဌာန ဝန်ထမ်းများက ပေါင်းသင်ခြင်း၊ မြက်ရှင်းခြင်းများ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ထက်(သရက်)**

# ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်မည့် ရွေးကောက်ပွဲအတွက် ဗြိတိန်ပါလီမန်ကို ဖျက်သိမ်း

**လန်ဒန် မေ ၃၀**

ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်မည့် အထွေထွေ ရွေးကောက်ပွဲမတိုင်မီ ဗြိတိန်ပါလီမန်ကို ဖျက်သိမ်းခဲ့ပြီး သဘောထားစစ်တမ်းကောက်ယူမှုများအရ ၁၄ နှစ်အတွင်း ပထမဦးဆုံးအကြိမ်အဖြစ် အစိုးရ အပြောင်းအလဲဖြစ်နိုင်သည်ဟု ဖော်ပြလျက်ရှိသည်။ လွန်ခဲ့သည့်သီတင်းပတ်အတွင်း ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်က အထွေထွေရွေးကောက်ပွဲ ကျင်းပမည့်ရက်ကိုကြေညာခဲ့ပြီးနောက် ယခုလို ပါလီမန်ကို ဖျက်သိမ်းခဲ့ခြင်းဖြစ်သည်။

ပါလီမန် အမတ်နေရာ ၆၅၀ အတွက် မဲဆွယ်စည်းရုံးမှုများ ယခုအခါ အပြည့်အဝ စတင်နိုင်ပြီဖြစ်သည်။ နောက်ဆုံးကောက်ယူထားသည့် သဘောထားစစ်တမ်းများအရ အတိုက်အခံလေဘာပါတီသည် ထောက်ခံမှု ၄၇ ရာခိုင်နှုန်းရရှိထားပြီး ဆူနက်၏ ကွန်ဆာဗေးတစ်ပါတီသည် ၂၀ ရာခိုင်နှုန်း ထောက်ခံမှုရရှိထားသည်။ ဆူနက်သည် ၎င်း၏ ပါတီထောက်ခံမှုရရှိရန်အတွက် မြောက်အိုင်ယာလန်နှင့် ဝေလနယ်တို့တွင် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နေပြီဖြစ်သည်။ လေဘာပါတီမှ ခေါင်းဆောင် ကီယာစတာမားသည်လည်း စကော့တလန်နှင့် အခြားသောနေရာများတွင် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်နေပြီဖြစ်သည်။

နိုင်ငံအတွင်း သဘောထားကွဲလွဲမှုများနှင့် ဖရိုဖရဲဖြစ်မှုများအတွက် ကွန်ဆာဗေးတစ်ခေါင်းဆောင်များကို စတာမားက ဝေဖန်ခဲ့သည်။ ပါတီနှစ်ခုစလုံးမှ ခေါင်းဆောင်များသည် ဇွန် ၄ ရက်တွင် ရုပ်မြင်သံကြားမှ စကားစစ်ထိုးပွဲ ပြုလုပ်မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**



ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်။

## ရာဖာတွင် စစ်ဆင်ရေးကို ပြန်လည်စဉ်းစားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက အစ္စရေးကို တိုက်တွန်း

**ဂါဇာ မေ ၃၀**

ဂါဇာတောင်ပိုင်း ရာဖာမြို့၌ အစ္စရေးတို့၏ စစ်ဆင်ရေးကို ပြန်လည်စဉ်းစားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က တိုက်တွန်းခဲ့သည်။ မော်ဒိုဗာတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဘလင်ကန်က ယခုလိုမှတ်ချက်ချ ပြောဆိုခဲ့ခြင်းဖြစ်သည်။ သီတင်းပတ်ကုန်တွင် ရာဖာမြို့၌ အစ္စရေးတို့က လေကြောင်း တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယခုလို ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် လူပေါင်း ၂၀ ကျော် သေဆုံးခဲ့ရသည်ဟု ကျန်းမာရေးအာဏာပိုင်များက ပြောသည်။ အကြမ်းဖက်သမားများကို ပစ်မှတ်ထားကာ ပြုလုပ်သည့် တိုက်ခိုက်မှုများပင်လျှင် မလိုလားအပ်သော ကြောက်မက်ဖွယ်အကျိုးဆက်များ ရရှိလာနိုင်သည်ဟု ၎င်းက ဆက်ပြောသည်။

ယင်းကဲ့သို့ တိုက်ခိုက်မှုမှာ ဆီလျော်မှုရှိမရှိကို ပြန်လည်စဉ်းစားရန် အစ္စရေးကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက တိုက်တွန်းခဲ့သည်။ စစ်ဆင်ရေး ပြုလုပ်မှုကြောင့် ရရှိလာမည့် ရလဒ်များနှင့် အရပ်သားများ ဆုံးရှုံးနစ်နာမှုများကို နှိုင်းယှဉ်စဉ်းစားသင့်သည်ဟု ၎င်းကပြောသည်။

ဂါဇာကမ်းမြောင် ဒေသတွင် ပဋိပက္ခအလွန် အုပ်ချုပ်ရေးအစီအစဉ်၏ အရေးပါမှုကိုလည်း ၎င်းက အလေးပေးပြောကြားခဲ့သည်။ ဟားမားစ်တို့ကို နှိမ်နင်းရန် အထောက်အကူပြုနိုင်ပြီး ဂါဇာပြည်သူများ၏ဘဝ ပြန်လည်ထူထောင်ရေးအတွက် ရှင်းလင်းသောအစီအစဉ် လိုအပ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**



အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်။

## ဘရာဇီးနိုင်ငံတွင် ဖေဖော်ဝါရီမှ ဧပြီလအတွင်း အလုပ်လက်မဲ့နှုန်း ၇ ဒသမ ၅ ရာခိုင်နှုန်းရှိ

**ရီယိုဒီဂျနေယိုး မေ ၃၀**

ဘရာဇီးနိုင်ငံတွင် အလုပ်လက်မဲ့နှုန်းမှာ ဖေဖော်ဝါရီလမှ မေလအတွင်း ၇ ဒသမ ၅ ရာခိုင်နှုန်းရှိပြီး အဆိုပါပမာဏမှာ ၁၀ နှစ်အတွင်း အနိမ့်ဆုံးဖြစ်သည်ဟု ဘရာဇီးပထဝီနှင့် စာရင်းအင်းသိပ္ပံက မေ ၂၉ ရက်တွင် ပြောသည်။ အဆိုပါနှုန်းသည် သုံးလအတွင်း လူ ၈ ဒသမ ၂ သန်း အလုပ်လက်မဲ့ဖြစ်သည်ဟုဖော်ပြပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း အနိမ့်ဆုံးဟုလည်း သိရသည်။ ဘရာဇီးပထဝီနှင့် စာရင်းအင်းသိပ္ပံမှ ထုတ်ပြန်သည့် အချက်အလက်များအရ နိုဝင်ဘာလမှ ဇန်နဝါရီလ သုံးလအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၇ ဒသမ ၆ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ အလုပ်သမားဈေးကွက်တွင် အလုပ်လက်မဲ့နှုန်း လျော့ကျနေပြီး အလုပ်သမားဦးရေတိုးလာမှုကို ပြသနေသည်ဟု ဘရာဇီးပထဝီနှင့် စာရင်းအင်းသိပ္ပံက ပြောသည်။ ဘရာဇီးနိုင်ငံ၏ ဝင်ငွေနှင့်ပတ်သက်၍ ပျှမ်းမျှလစာမှာ အမေရိကန်ဒေါ်လာ ၆၀၀ ခန့်ဖြစ်ပြီး ၂၀၂၃ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၇ ရာခိုင်နှုန်းတိုးလာသည်ဟု သိရသည်။

**ဆင်ဟွာ**

## တိုယိုတာ၊ ဟွန်ဒါနှင့် နစ်ဆန်းတို့ ကမ္ဘာလုံးဆိုင်ရာ ကားရောင်းအား ကျဆင်း

**တိုကျို မေ ၃၀**

ဧပြီလအတွက် တစ်ကမ္ဘာလုံးဆိုင်ရာ ကားရောင်းချမှုများ ကျဆင်းလာကြောင်းနှင့် အထူးသဖြင့် တရုတ်နိုင်ငံတွင် ကျဆင်းလာကြောင်း ဂျပန်နိုင်ငံ၏ အကြီးဆုံး ကားထုတ်လုပ်သူများဖြစ်ကြသည့် တိုယိုတာ၊ ဟွန်ဒါနှင့် နစ်ဆန်းတို့က ဖော်ပြခဲ့သည်။

တိုယိုတာ မော်တော်ကားကုမ္ပဏီသည် အစီးရေ ၇၉၇၀၀၀ ခန့် ရောင်းချခဲ့သည်။ အဆိုပါပမာဏသည် လွန်ခဲ့သော တစ်နှစ်ကထက် ၀ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဟွန်ဒါကား ရောင်းအားသည်လည်း ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ နစ်ဆန်းရောင်းအားသည်လည်း ၅ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။

ဥရောပနှင့် တခြားဈေးကွက်များတွင် ကုန်သွယ်မှု လျင်မြန်သွက်လက်စွာ စီးဆင်းလျက်ရှိသော်လည်း တရုတ်နိုင်ငံတွင် လျှပ်စစ်ကား ပြောင်းလဲမှုများကို အလျင်အမြန် လုပ်ဆောင်နေသောကြောင့် ကားထုတ်လုပ်သူများသည် ရောင်းအားပြန်လည်ကောင်းမွန်ရန် ကြိုးစားနေကြသည်။

ဂျပန်ကား ထုတ်လုပ်သူများသည် ကမ္ဘာ့အကြီးဆုံးကားဈေးကွက်တွင် ၎င်းတို့၏ နည်းဗျူဟာများကို ပြန်လည်သုံးသပ်လျက်ရှိသည်။ ဟွန်ဒါမှ တာဝန်ရှိသူများက ၎င်းတို့သည် ဖက်စပ်လုပ်ငန်းတစ်ခုမှ အလုပ်သမားများအား ဆန္ဒအလျောက် နုတ်ထွက်စေလိုကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။ ထို့အပြင် ဂျပန်နိုင်ငံ၌ ယခုနှစ်တွင် အီးဗွီစက်ရုံတစ်ရုံ တည်ထောင်သွားမည့်အစီအစဉ်ကို ကြေညာခဲ့သည်။

တခြားဂျပန်ကား ထုတ်လုပ်သူများသည် တိုးတက်ကောင်းမွန်လျက်ရှိသည်။

တစ်နှစ်ထက်တစ်နှစ် မာဇဒါ၏ ရောင်းအားတိုးတက်မှုသည် ၁ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ဆူဘရူသည် ၇ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဆူဇူကီးသည် ၉ ဒသမ ၉ ရာခိုင်နှုန်းရှိသည်။

သို့သော်လည်း မစ်ဆူဘီရှီသည် ရောင်းအား ၅ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဒိုင်ဟက်ဆုသည် ၃၃ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**




## ပါပူအာနယူးဂီနီ မြေပြိုကျမှု အရေးပေါ် ရွှေ့ပြောင်းမှုများ ဆက်လက်လုပ်ဆောင်လျက်ရှိ

**ပို့စ်မော့စဘီ မေ ၃၀**

ပါပူအာနယူးဂီနီတွင် လူအသေအပျောက်များခဲ့သည့် မြေပြိုမှုဖြစ်ပွားခဲ့သည်မှာ တစ်ပတ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ဒေသခံများကို ဘေးလွတ်ရာသို့ ကယ်ဆယ်ရွှေ့ပြောင်းမှုများ အရေးပေါ်လုပ်ဆောင်လျက်ရှိကြောင်း၊ အဘယ်ကြောင့်ဆိုသော် မြေပြိုကျမှုအခြေအနေသည် တည်ငြိမ်မှုမရှိသေးသောကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်မှ အရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ပါပူအားနယူးဂီနီနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မိတ်ဘာဂေါ့ဆီက မြေပြိုကျမှုဖြစ်ပွားရာဒေသသို့ မကြာသေးမီက သွားရောက်ခဲ့သည့် ခရီးစဉ်နှင့်ပတ်သက်ပြီး ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

ပထမအကြိမ် အစားအသောက်၊ ဆေးဝါးများပါဝင်သည့် သြစတြေးလျအကူအညီပေးပို့မှုကို မေ ၂၉ ရက်က ဝေးလံခေါင်ဖျားသောဒေသသို့ ပို့ဆောင်လိုက်ပြီဖြစ်သည်။

မြေပြိုကျမှုဖြစ်ပွားသောဒေသသို့ ပေးပို့သော အရေးပေါ်ထောက်ပံ့မှုများသည် ပမာဏအားဖြင့် လုံလောက်မှုမရှိသေးကြောင်း၊ သို့သော်လည်း နောက်ထပ်အကူအညီများသည် လမ်းခုလတ်တွင် ရောက်ရှိနေပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါ မြေပြိုမှုကျမှုတွင် လူခြောက်ဦးသေဆုံးခဲ့သည်။ သြစတြေးလျ အသံလွှင့်ဌာနက လူ ၁၆၀ ကျော် အသက်ရှင်လျက် မြေမြုပ်ခံလိုက်ရကြောင်း ဒေသအရာရှိများ၏ ပြောကြားချက်ကို ကိုးကားဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့၌ ကျောင်းအပ်နှံနေမှု ကြည့်ရှုအားပေး



**မုံရွာ မေ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ မေ ၂၉ ရက်နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (အလုံ) ၌ ကျောင်းအပ်လက်ခံနေမှုကို ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် စိုက်ပျိုး/မွေးမြူရေး အထက်တန်းကျောင်းနှင့် အခြေခံပညာအဆင့်အလိုက် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ကျောင်းအပ်နှံနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး တာဝန်ရှိသူများနှင့်အတူ ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ၊ ဘောပင်များနှင့် ခဲတံများကို ကျောင်းသား ကျောင်းသူများထံ ထောက်ပံ့ပေးအပ်ကြပြီး **(အပေါ်ပုံ)** ကျောင်းသားမိဘများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါကျောင်းဝင်းအတွင်းရှိ စိုက်ပျိုး/ မွေးမြူရေးအထက်တန်းကျောင်းသို့ ရောက်ရှိရာ သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများနှင့် အလျားပေ ၁၂၀၊ အနံ ပေ ၃၀၊ RC နှစ်ထပ်ကျောင်းဆောင် အဆောက်အအုံသစ် တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်

**ရန်ကုန် မေ ၃၀**

၂၀၂၄ -၂၀၂၅ ပညာသင်နှစ် ပညာသင်ကြားမည့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအတွင်းရှိ ဌာနဆိုင်ရာ ဝန်ထမ်းသားသမီး ကျောင်းသား ကျောင်းသူများအား ပညာသင် ထောက်ပံ့ကြေးနှင့် ကျောင်းဝတ်စုံ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄- ၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားမည့် ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည်။ (ဝဲပုံ)

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လွှတ်တော်ဝင်းအတွင်းရှိ ဌာနဆိုင်ရာကိုးခုမှ ဝန်ထမ်းသားသမီးများ ပညာသင်ကြားရာတွင် အထောက်အပံ့တစ်ခုအနေဖြင့် KG မှ Grade – 12 အထိ ၃၇၆ ဦး၊ တက္ကသိုလ်အဆင့် ၈၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၆၀ အတွက် ပညာသင်စရိတ်နှင့် ဝတ်စုံများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး**
**(ပြန်/ဆက်)**

## ၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံမှု ဆက်လက်ဆောင်ရွက်

**နေပြည်တော် မေ ၃၀**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းအပ်နှံမှုသီတင်းပတ်အဖြစ် မေ ၂၃ ရက်မှ ဇွန် ၂ ရက်အထိ သတ်မှတ်၍ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်နှံမှု လက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာ ကျောင်းများအလိုက် ကျောင်းအုပ်ကြီးများ၊ ကျောင်းအုပ်ချုပ်မှုတာဝန်ခံများနှင့် ဆရာ ဆရာမများက ကျောင်းလာရောက်အပ်နှံသူ မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး ဆောင်ရွက်ပေးကြပြီး ကျောင်းသား ကျောင်းသူများအတွက် ပညာရေးဝန်ကြီးဌာနက အခမဲ့ ထောက်ပံ့ပေးအပ်သည့် စာရေးကိရိယာများနှင့် ကျောင်းသုံးစာအုပ်များကိုလည်း တစ်ပါတည်း ထောက်ပံ့ပေးအပ်ကြသည်။

ကျောင်းအပ်နှံရေး သီတင်းပတ်၏ ပဉ္စမရက်ဖြစ်သည့် ယနေ့အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ၌ ကျောင်းအပ်နှံသူ ၅၉၅၉၂၈၃ ဦးရှိပြီဖြစ်ကြောင်း သိရသည်။ ထိုသို့ ကျောင်းအပ်နှံမှု လက်ခံဆောင်ရွက်နေသည့် ဆရာ ဆရာမများနှင့် ကျောင်းများ၏ လုံခြုံရေး၊ လာရောက် ကျောင်းအပ်နှံကြသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများ၏ လုံခြုံရေးအတွက်လည်း သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများနှင့် တာဝန်သိပြည်သူများက ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။




ယင်းသို့ အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံနေမှုများကို တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြပြီး ကျောင်းသုံးပြဋ္ဌာန်း ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားပြုလုပ်

**နေပြည်တော် မေ ၃၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပြုလုပ်ရာ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်/ မြို့နယ်ပညာရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျောင်းသား ကျောင်းသူများ ကျောင်းအပ်နှံနေမှုများအား လိုက်လံကြည့်ရှုအားပေးကြသည်။

ယင်းနောက် စာသင်ကျောင်းခန်းမအတွင်း ကျောင်းသား ကျောင်းသူများက "ကျောင်း အပ်နှံရေးနေ့" သီချင်းဖြင့် သီဆိုကာဖွင့်လှစ်ပေးပြီး တိုင်းမှူးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးလွယ်အိတ်များကို ပေးအပ်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်းသား" သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## ရန်ကင်းမြို့နယ်၌ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်

**ရန်ကင်း မေ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အမှတ်(၁၂)ရပ်ကွက် ဓမ္မရိပ်သာဘုန်းကြီးကျောင်း၌ မေ ၂၉ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး ဦးဇော်ဝင်းအောင် ဦးဆောင်သည့်အဖွဲ့က အမှတ်(၁၂)ရပ်ကွက်အတွင်း နေထိုင်ကြသော မြန်မာတိုင်းရင်းသားလူမျိုးနွယ်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ်တစ်မျိုးမျိုး ရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ရန်ကင်းမြို့နယ်၌ ရပ်ကွက်ပေါင်း ၁၅ ရပ်ကွက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူးနှင့် ဝန်ထမ်းများက ပန်းခင်းအဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ရပ်ကွက်နေပြည်သူများ အဆင်ပြေချောမွေ့စွာရရှိနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးခြင်းကို မြို့နယ်အတွင်းနေပြည်သူများအား မေ ၃ ရက်မှစတင်ကာ စက်တင်ဘာ ၃၀ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ထွေးလေး(ပြန်/ဆက်)**

သက်ရှိလောက တည်မြဲဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကျင်းပ

**ဟိုပုံး မေ ၃၀**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ယနေ့နံနက် ၉နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီးနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံသည် ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့ဆိုသည့် ပညာရေးရည်မှန်းချက်နှင့်အညီ ဆောင်ရွက်နေကြခြင်းဖြစ်ပါကြောင်း၊ ၂၁ ရာစုသည် အသိပညာခေတ်ခြင်းနှင့်အညီ အသိပညာဖွံ့ဖြိုးတိုးတက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ အသိပညာဖွံ့ဖြိုးတိုးတက်ရန် အခြေခံပညာတတ်မြောက်ရန်လိုအပ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေနှင့်လည်း တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးကို ရှေးရှုဦးတည်လျက် နိုင်ငံသားတိုင်းအခြေခံပညာကို ကောင်းမွန်စွာတတ်မြောက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လူသားအရင်းအမြစ်များကို ပြုစုပျိုးထောင်ဖြည့်ဆည်းရေးလုပ်ငန်းသည် အဓိကကျသည့် လုပ်ငန်းကြီးတစ်ရပ်ဖြစ်ပါကြောင်း၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ရည်ရွယ်လျက် နွေရာသီကျောင်းပိတ်ရက်များကို အကျိုးရှိရှိအသုံးပြုတတ်စေရန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဆီဆိုင်မြို့နယ်များတွင် ဖွင့်လှစ်သင်ကြားပို့ချပေးခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် အလှူရှင်များက ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံး ဗလာစာအုပ်၊ စာရေးကိရိယာများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ထောက်ပံ့ငွေများကို လည်းကောင်း တာဝန်ရှိသူများအား ပေးအပ်ကြသည်။ ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အဖွဲ့သည် ကျောင်းအပ်နှံနေကြသည့် ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးပြီး ပညာရေးဝန်ကြီးဌာနမှ အခမဲ့ထောက်ပံ့ပေးအပ်သည့် ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ကျောက်ဖြူ၌ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် အခြေခံပန်းချီသင်တန်းဆင်းပွဲကျင်းပ

**ကျောက်ဖြူ မေ ၃၀**
ရခိုင်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သည့် အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် အခြေခံပန်းချီ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းသူက နိုင်ငံတော်မှဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဟူ၍ ချမှတ်ထားပါကြောင်း၊ လူငယ်များအနေဖြင့် အကျင့်စာရိတ္တ ကောင်းမွန်ပြီး အသိဉာဏ်ပညာ ပြည့်စုံသော လူငယ်များဖြစ်ရန် လိုအပ်ပါကြောင်း၊ သင်တန်းများ တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့် သင်တန်းမှရရှိခဲ့သည့် ပညာရပ်များကို ကျောင်းများဖွင့်လှစ်ပြီး ကျောင်းသင်ခန်းစာများ သင်ယူသည့်အခါ၌ အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်ယုယုနွယ်က သင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းနည်းပြဆရာနှစ်ဦးကို ဂုဏ်ပြုအမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။



ဆက်လက်၍ သင်တန်းတွင် ထူးချွန်ဆု ရရှိခဲ့ကြသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**



မြန်မာ့အာမခံလုပ်ငန်း ကျောက်ဆည်ခရိုင်ရုံးမှ ခရိုင်တာဝန်ခံ ဦးကိုကိုအောင် မေ ၂၉ ရက်က မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် စဉ့်ကိုင်မြို့၊ မြစ်သားမြို့နှင့် ပူးပေါင်း၍ စိုက်ပျိုးစရိတ်ချေးငွေထုတ်သည့် မိုးစပါးတောင်သူများအား "ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်း" အကြောင်းရှင်းလင်းပြီး မိုးစပါးတောင်သူ ၂၉ ဦး၊ စိုက်ဧက ၁၀၃ ဧကအတွက် ရာသီဥတုအညွှန်းကိန်းအခြေပြု သီးနှံအာမခံလုပ်ငန်း လက်ခံဆောင်ရွက်စဉ်။ မောင်မွှေး

# ခရမ်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲကျင်းပ

**ခရမ်း မေ ၃၀**
ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ဘိုကလေးကျေးရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ ဝန်ထမ်းများက သဘာဝဘေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက် ၉ နာရီက ဘိုကလေးကျေးရွာ ဆိုင်ကလုန်းရှပ်တာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲက အမှာစကားပြောကြားပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၏ လုပ်ငန်းတာဝန်များဖြစ်သော ဘေးသင့်ပြည်သူများအား လတ်တလော စားဝတ်နေရေး ပြေလည်စေရန်ထောက်ပံ့ခြင်း၊ မြစ်နှင့်ပင်လယ်အတွင်း သဘာဝဘေးကြုံတွေ့မှုကြောင့် ပြည်တွင်းပြည်ပ နယ်မြေရပ်ခြားသို့ ရောက်ရှိသွားသူများအား ထောက်ပံ့ခြင်း၊ လူကြောင့်ဖြစ်သော ဘေးအန္တရာယ်များကြောင့် ထွက်ပြေးတိမ်းရှောင်သူများအား ထောက်ပံ့ခြင်း၊ ငတ်မွတ်ဘေးကျရောက် နေသူများအား ထောက်ပံ့ခြင်း၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းများ၊ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းတာဝန်များကို ဆွေးနွေးပြောကြားပြီး သဘာဝဘေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ကြက်ခြေနီအသင်းတို့က ရှာဖွေကယ်ဆယ်ခြင်း၊ ရှေးဦးပြုစုနည်း၊ အရေးပေါ်လူနာ အသက်ကယ်နည်းတို့ကို လက်တွေ့ပြသခဲ့ကြောင်း သိရသည်။ **ကိုမင်း (ခရမ်း)**





# ဗီအိုရင်တီးနားကိုအနိုင်ယူပြီး ကွန်းဖရန့်လိဂ်ဖလား အိုလံပီယာကော့စ်အသင်း ဆွတ်ခူး

အိုလံပီယာကော့စ်နှင့် ဖီအိုရင်တီးနားအသင်းတို့၏ ယူအီးအက်ဖ်အေ ယူရိုပါကွန်းဖရန့်လိဂ်ပြိုင်ပွဲ နောက်ဆုံး ဗိုလ်လုပွဲကို ဂရိနိုင်ငံ အေသင်မြို့ရှိ OPAP Arena ကွင်း၌ မေ ၃၀ ရက် နံနက်ပိုင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ အိုလံပီယာကော့စ်အသင်းက တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ထို့ကြောင့် အိုလံပီယာကော့စ်အသင်းသည် ဥရောပဖလားကိုင်မြှောက်အောင်ပွဲခံနိုင်သည့် ပထမဆုံး ဂရိကလပ်ဖြစ်လာခဲ့သည်။ အဆိုပါပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

အချိန်ပို ၁၁၆ မိနစ်တွင်ရရှိခဲ့သော မော်ရိုကိုတိုက်စစ်ကစားသမား အယ်ခါဘီ၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် ဖီအိုရင်တီးနားအသင်းကို အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ ၎င်းသည် အဆိုပါ သွင်းဂိုးကြောင့် ယခုနှစ်ရာသီ ကွန်းဖရန့်လိဂ်ပြိုင်ပွဲတွင် သွင်းဂိုး ၁၁ ဂိုးအထိ ရှိလာခဲ့သည်။

**အောင်ဇော်**

အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အကြိုဂုဏ်ပြု ဆောင်းပါး

# သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည် ပြုပြင်ပေး

ပန်းမြိုင်လယ်စိန်ဝင်း

**ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာကြီး၌ ပင်လယ်သမုဒ္ဒရာများ၏ ရေလွှမ်းမိုးမှုက ၇၀ ရာခိုင်နှုန်းဖြစ်ပြီး ကုန်းမြေမှာ ၃၀ ရာခိုင်နှုန်းမျှသာရှိသည်။ ထို ၃၀ ရာခိုင်နှုန်းထဲတွင် သဲကန္တာရကြီးများလည်း ပါဝင်သည်။ ယနေ့ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development)ဟူသော စကားရပ်သည် အလွန်လိုအပ်သော အရာဖြစ်လာနေသည်။ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကမ္ဘာ့လူဦးရေသည်လည်း ရပ်တန့်နေသည်တော့ မဟုတ်ပါ။ နေ့စဉ်နှင့်အမျှ အစဉ်တိုးပွားလာနေပေသည်။**

လွန်ခဲ့သော ၁၉၉၀ ပြည့်နှစ်က ကမ္ဘာ့လူဦးရေသန်း ၁၆၀၀ သာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ကုလသမဂ္ဂထုတ်ပြန်ချက်အရ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၈၀၀၀ ပြည့်ခဲ့ပြီဖြစ်သည်။ ထိုတိုးပွားလာသည့် လူဦးရေအတွက် စားဝတ်နေရေး ပြဿနာသည် ကြီးမားလှချေသည်။ ပညာရှင်တို့၏ တွက်ဆမှုအရ ၂၀၅၀ ပြည့်နှစ်အရောက်တွင် ကမ္ဘာ့လူဦးရေမှာ ၉ ဒသမ ၆ ဘီလီယံအထိ တိုးပွားလာမည်ဟု ခန့်မှန်းထားသည်။ ထိုပြဿနာကို ဖြေရှင်းရန်မှာ လူဦးရေနှင့် အချိုးညီစွာ စားရေရိက္ခာအတွက်စိုက်ပျိုးရေးကို မြေလွတ်မြေရိုင်း၊ ပင်လယ်နှင့် သဲကန္တာရများပါမကျန် စိုက်ပျိုးသီးနှံထုတ်လုပ်နိုင်အောင် ကြိုးစားကြရပါတော့မည်။




**❍ လူတို့သည် တိုးတက်ပြောင်းလဲမှုဖြင့် ကောင်းမွန်သော လူနေမှုဘဝကို ဖန်တီးနိုင်သကဲ့သို့ လူတို့၏ လောဘပယောဂကြောင့်လည်း ကမ္ဘာ့ဂေဟစနစ်ကြီး ပျက်စီးခဲ့ရသည်။ သယံဇာတ သစ်ပင်၊ သစ်တောများ ပြုန်းတီးခဲ့ရသည်။ ကျောက်မီးသွေးနှင့် လောင်စာသုံး စက်ရုံ အလုပ်ရုံများ ကား၊ ရထား မီးစက်စသော လောင်စာဆီသုံး အင်ဂျင်စက်များကြောင့် ကာဗွန်ဓာတ်ငွေ့များစွာ ထုတ်လွှတ်ခဲ့ကြသည်။ ထို့ပြင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့်လည်း ကမ္ဘာကြီးပူနွေးလာပြီး ရာသီဥတုဖောက်ပြန်လာခဲ့ရသည်**

### လူတို့၏ လောဘပယောဂကြောင့် ကမ္ဘာ့ဂေဟစနစ်ကြီး ပျက်စီး

သဲကန္တာရများတွင် စားပင်သီးပင်များ စိုက်ပျိုးပြီး သဲကန္တာရကို စိမ်းလန်းစိုပြည်သော အရပ်ဒေသအဖြစ် ပြောင်းလဲနိုင်အောင်လည်း ကြံဆောင်ကြရပါမည်။ ဖြစ်နိုင်ပါမည်လားဟု မေးစရာရှိပါသည်။ တိုးတက်လာနေသည့် စက်မှုခေတ်မှသည် နည်းပညာခေတ်သို့ပင် ရောက်ရှိလာပြီဖြစ်ရာ မဖြစ်နိုင်ဟူသည် မရှိပါဟုသာ ဖြေရပေလိမ့်မည်။ လူတို့သည် တိုးတက်ပြောင်းလဲမှုဖြင့် ကောင်းမွန်သော လူနေမှုဘဝကို ဖန်တီးနိုင်သကဲ့သို့ လူတို့၏ လောဘပယောဂကြောင့်လည်း ကမ္ဘာ့ဂေဟစနစ်ကြီး ပျက်စီးခဲ့ရသည်။ သယံဇာတ သစ်ပင်၊ သစ်တောများ ပြုန်းတီးခဲ့ရသည်။ ကျောက်မီးသွေးနှင့် လောင်စာသုံး စက်ရုံအလုပ်ရုံများ ကား၊ ရထား မီးစက်စသော လောင်စာဆီသုံး အင်ဂျင်စက်များကြောင့် ကာဗွန်ဓာတ်ငွေ့များစွာ ထုတ်လွှတ်ခဲ့ကြသည်။ ထို့ပြင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကြောင့်လည်း ကမ္ဘာကြီး ပူနွေးလာပြီး ရာသီဥတုဖောက်ပြန်လာခဲ့ရသည်။ ထိုယိုယွင်းမှုများကို ပြန်လည်ကယ်တင်နိုင်ရန်အတွက် ၁၉၇၅ ခုနှစ် ဇွန် ၅ ရက်မှ ၁၇ ရက်အထိ ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍအတွက် ကမ္ဘာ့နိုင်ငံအသီးသီးမှ ခေါင်းဆောင်များက ပထမဆုံးစတင် ဆွေးနွေးကြသော ကုလသမဂ္ဂလူသားများနှင့် သဘာဝပတ်ဝန်းကျင်ညီလာခံမှတစ်ဆင့် **ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ (World Environment Day)** အဖြစ် သတ်မှတ်ခဲ့သည်။ **"အပြည်ပြည်ဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့"** အခမ်းအနားကို ၁၉၇၃ ခုနှစ် ဇွန် ၅ ရက်မှစ၍ ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အစီအစဉ် (UNEP)မှနှစ်စဉ် မတူညီသော အထိမ်းအမှတ်ဆောင်ပုဒ်များ သတ်မှတ်၍ ကမ္ဘာ့နိုင်ငံအသီးသီးတွင် အလှည့်ကျစနစ်ဖြင့် လက်ခံကျင်းပပေးလျက်ရှိပါသည်။

ယခု ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်မှာ **"သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" (Land restoration, desertification and drought resilence)** ပင်ဖြစ်သည်။ ထိုဆောင်ပုဒ်အရ သဲကန္တာရဖြစ်ထွန်းနေမှုများကို တိုက်ဖျက်ပစ်ရမည်ဖြစ်သည်။ သဲကန္တာရဆိုသည်မှာ စိုက်ပျိုးမြေ မဟုတ်သကဲ့သို့ လူနေအပ်သောအရပ်လည်း မဟုတ်ပါ။ ထို့ကြောင့် သဲကန္တာရများထပ်မံ ဖြစ်ပေါ်မလာအောင် ကြိုတင်ကာကွယ်ကြရမည်ဖြစ်သည်။ မိုးခေါင်ရေရှားဖြစ်မှုဒဏ်မှ ခံနိုင်ရန် မြေယာများကို ပြန်လည်ပြုပြင် ဖော်ထုတ်ကြရပါတော့မည်။ **'ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း' (United Nations Convention to Combat Desertification–UNCCD)** အဖွဲ့က သဲကန္တာရဖြစ်ထွန်းလာမှု ဝိသေသလက္ခဏာများကို ဤသို့သတ်မှတ်ထားပါသည်။ မိုးရွာသွန်းမှု ပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှု အကြိမ်ရေနည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ လေထုနှင့် မြေထု အပူရှိန်မြင့်မားမှုဒဏ်ကို ကြာရှည်စွာ ခံစားရခြင်း၊ အပူချိန်အတက်အကျ လွန်ကဲခြင်း၊ မြေဆီလွှာရေငွေ့ပြန်မှုနှုန်း မြင့်မားခြင်း၊ စိုထိုင်းဆနိမ့်ခြင်း၊ မြေဆီခြောက်ခန်းခြင်းနှင့် မြေအရည်အသွေးအဆင့်အတန်း နိမ့်ကျခြင်း၊ ရေနှင့် လေတိုက်စားမှုကြောင့် အပေါ်ယံမြေဆီလွှာ တိုက်စားမှုများခြင်းသည် သဲကန္တာရဖြစ်ထွန်းစေမည့် အကြောင်းရင်းများပင် ဖြစ်ပါသည်။

**သဲကန္တာရဖြစ်ထွန်းခြင်းနှင့် မိုးခေါင်ခြင်း၏ အကျိုးသက်ရောက်မှု** – သဲကန္တာရ ဖြစ်ထွန်းမှုသည် အဓိကကျသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာတစ်ရပ်ဖြစ်သည်။ သစ်နှင့်ထင်းများ အလွန်အကျွံထုတ်ယူခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ ဆည်တာတမံများ တည်ဆောက်ခြင်း၊ စားကျက်ချခြင်း၊ မြို့ရွာများ တိုးချဲ့တည်ထောင်ခြင်း စသည့်လုပ်ဆောင်ချက်များကြောင့် အပူပိုင်းဒေသ သစ်တောများပြုန်းတီးခြင်း၊ မြေဆီလွှာပျက်စီးခြင်းများဖြစ်ပေါ်ပြီး အပူပိုင်းဂေဟစနစ် ပျက်စီးကာ သဲကန္တာရဖြစ်ထွန်းလာခြင်းပင်ဖြစ်သည်။ မြေဆီလွှာကပျက်စီး မိုးကခေါင် ပူပြင်းခြောက်သွေ့မှုက လွန်ကဲခြင်းကြောင့် စားနပ်ရိက္ခာများ မထုတ်လုပ်နိုင် လူဦးရေကလည်း တစ်နေ့တခြား တိုးပွားလာနေခြင်းစသည်တို့ကြောင့် ဒေသနေပြည်သူများ လူမှုစီးပွားဆိုင်ရာ ပြဿနာများနှင့် ရင်ဆိုင်နေကြရတော့သည်။

### ကမ္ဘာတစ်ဝန်း စိုက်ပျိုးနိုင်သော မြေအရည်အသွေး ကျဆင်း

ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ အဆိုအရ ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း စိုက်ပျိုးနိုင်သော မြေဧရိယာ၏ ၃၀ ရာခိုင်နှုန်းမှ ၃၅ ရာခိုင်နှုန်းအထိ မြေအရည်အသွေး ကျဆင်းခဲ့ကြောင်း သိရသည်။ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ ထုတ်ပြန်ချက်အရ သဲကန္တာရဖြစ်ထွန်းနိုင်သော အခြေအနေများကြောင့် နောင် ၁၀ နှစ်အတွင်း လူသန်းပေါင်း ၅၀ ကျော်သည် အပူပိုင်းအရပ်ဒေသမှ အခြားအရပ်ဒေသများသို့ ပြောင်းရွှေ့ကြရမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။ ၂၀၅၀ ပြည့်နှစ်တွင် မိုးခေါင်မှုနှင့် ပူပြင်းခြောက်သွေ့မှု အကျိုးဆက်များသည် ကမ္ဘာ့လူဦးရေ၏ လေးပုံသုံးပုံအပေါ် သက်ရောက်နိုင်မည်ဟုလည်း ခန့်မှန်းထားသည်။ အတိတ်ကို အခြေခံ၍ ပြန်ကြည့်ပါလျှင် ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး မိုးခေါင်မှုကာလနှင့် အကြိမ် အရေအတွက်သည် ၂၉ ရာခိုင်နှုန်းတိုးလာခဲ့ပြီး လူပေါင်း ၅၅ သန်းသည် မိုးခေါင်မှုဒဏ်ကို နှစ်စဉ်ခံစားရမည်ဖြစ်ကြောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် ကလေး လေးဦးတွင် တစ်ဦးနှုန်း ရေပြတ်လပ်မှုဒဏ် ခံစားရမည်ဖြစ်ကြောင်း ၁၉၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်အတွင်း မိုးခေါင်မှု၊ ပူပြင်းခြောက်သွေ့မှုကြောင့် လူပေါင်း ၂ ဒသမ ၇ သန်းအပေါ် ဆိုးကျိုးသက်ရောက်ခဲ့ပြီး ၁၁ ဒသမ ၇ သန်း အသက်ဆုံးရှုံးခဲ့ရကြောင်း ဖော်ပြထားသည်။

**"အရင်းစစ်သော် အမြစ်မြေက"** ဆိုသကဲ့သို့ ထိုသို့ ဆိုးကျိုးဖြစ်ရခြင်းမှာ သစ်ပင်သစ်တောများ ပြုန်းတီးခြင်းကြောင့်ပင်ဖြစ်သည်။ **"ဥတုရာသီ တောကိုမှီ၏" "တောတောင်စိမ်းမှ စမ်းရေရ၏" "ကျေးငှက်သားရဲ တောမှာမြဲ၏" "ကန္တာရသဲမြေ စိမ်းမြဝေစေ အိုအေစစ်နှင့် စိမ်းလန်းဖြစ်စေ ရေကြည်အိုင်နှင့် ပန်းတင့်စေ"** ဟူသော ရည်မှန်းချက်ဖြင့် ကန္တာရမြေကို အခက်စိမ်းလန်း အရွက်ဝေဆာအောင် ဆောင်ရွက်ကြရပါမည်။ သစ်ပင်သစ်တောကို ထိန်းသိမ်းကြရပါမည်။ **"သစ်ပင်ခုတ်တော့ ဘာဖြစ်လဲ"** ဟု စောဒကတက်သူများကိုတော့ ဤဆရာဇော်ဂျီ၏ ကဗျာတို့ကို ရွတ်ပြချင်ပါသည်။

**"တောပင်ကို တော်တော်ခုတ်ကြ၊ တောပြုတ်လိမ့်နောက်နောင်၊ တောပြုတ်လို့ တောပြောင်၊ မိုးခေါင်တော့မှာပဲ၊ မိုးခေါင်လို့ရေမကြွယ်၊ သဲပင်လယ်ဖြစ်လိမ့်မလွဲ..."** အလွန်ပင် မှန်ကန်ပါသည်။ သစ်တောများသည် လူသားတို့အတွက် သစ်၊ ထင်း၊ ဝါး၊ ဆေး၊ အဝတ်အထည်၊ ပရိဘောဂ၊ အစားအစာ အစရှိသည့် သစ်တောထွက်ပစ္စည်းများ သာမက ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ရေနှင့်လေကောင်းလေသန့်ရရှိစေရန် သန့်စင်ပေးခြင်း၊ ကမ္ဘာ့လေထုကိုပူနွေးစေပြီး ရာသီဥတုပြောင်းလဲမှုကို ဖြစ်ပေါ်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကို စုပ်ယူသိုလှောင်ပေးခြင်း၊ သဲကန္တာရဖြစ်ထွန်းမှုအား တားဆီးခြင်း၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးခြင်းစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုစဉ်ဆက်မပြတ် အထောက်အပံ့ ပြုလျက်ရှိပါသည်။ ဆရာ ဇော်ဂျီ၏ သတိပေး ကဗျာက ရိုးရှင်းပါသည်။ သစ်ပင်သစ်တောများ မရှိတော့ဘူးဆိုပါလျှင် သဲပင်လယ်ဖြစ်ရမည်မှာ မလွဲပါဟု သတိပေးခေါင်းလောင်းသံဖြင့် စပ်ဆိုထားပါသည်။ သဲကန္တာရ၏ ဖြစ်တည်မှု အခြေအမြစ်ကို သေချာအောင် ဆန်းစစ်ဖွေလှစ်ကာ ဗဟုသုတအဖြစ် လေ့လာကြည့်မိပါသည်။

**"သဲကန္တာရများ ဖြစ်ပေါ်လာမှုအကြောင်းရင်း"** ... အာဖရိကတိုက် မြောက်ပိုင်းရှိ ဆာဟာရ (Sahara ) သဲကန္တာရသည် ကမ္ဘာပေါ်တွင် အကြီးဆုံးသဲကန္တာရဖြစ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာမှ ပင်လယ်နီဒေသအထိ မိုင်ပေါင်း ၃၂၀၀ ရှည်၍ မိုင် ၁၄၀၀ ကျယ်ပြီးလျှင် စတုရန်းမိုင် ၃၅၀၀၀၀၀ ကျယ်ဝန်း၏။ အတွင်းပိုင်း၌ ပေ ၇၀၀၀ မှ ပေ ၉၀၀၀ အထိမြင့်သော ကုန်းမြင့်မြေများရှိ၏။ ဥရောပတိုက်နီးပါးမျှရှိသော ဤသဲကန္တာရကြီးသည် ရှေးအခါက အာဖရိကတိုက်၏ မြောက်ဘက်နံရံကြီးသဖွယ်ဖြစ်ခဲ့၏။ ထိုသဲကန္တာရကြီးကို ဖြတ်ကျော်သွားရန်ပင် ခဲယဉ်းလှသဖြင့် ဥရောပတိုက်သားတို့သည် အာဖရိကတိုက်အကြောင်း နှစ်ပေါင်းများစွာ မသိရှိကြဘဲ နေခဲ့ကြရဖူးသည်။ ဆာဟာရ သဲကန္တာရကြီးသည် နေ့အခါ၌ ဖာရင်ဟိုက် ဒီဂရီ ၁၅၀ ကျော်အထိ ပူပြင်း၏။ ညအခါတွင်မူ လွန်လွန်ကဲကဲအေး၍လာပြန်ရာ ပြဒါးချိန်သည် ရေခဲအမှတ်ဒီဂရီအောက်သို့ပင် ကျဆင်းသွားတတ်သည်။ ဤသို့ အပူအအေးလွန်ကဲစွာ ကွာခြားသောကြောင့် ကျောက်များသည် အပူအအေးပြောင်းလဲမှု ဒဏ်ကို မခံနိုင်ကြဘဲ ကွဲအက်ပြီး သဲမှုန်များဖြစ်လာကာ ကာလအကြာတွင် သဲကန္တာရကြီး ဖြစ်လာခဲ့တော့၏။ *(ဆက်လက်ဖော်ပြပါမည်)*

# ပြင်ဦးလွင်ခရိုင်အတွင်းရှိ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး

**ပြင်ဦးလွင် မေ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများကို ဆောင်ရွက်ရန် လမ်းညွှန်မှာကြားထားသည်နှင့်အညီ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်အတွင်းရှိ ကျေးရွာ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာစာကြည့်တိုက်များ၏ လိုအပ်ချက်များကို ဝိုင်းဝန်းညှိနှိုင်းပေါင်းစပ်ပေးနိုင်ရန် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်ရုံးမှ တာဝန်ရှိသူများ၊ စာရေးဆရာ ကိုရွှေအောင်သင်းနှင့် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာများမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၁ ရေငယ်ရှိ ကျေးရွာစာကြည့်တိုက်သို့ သွားရောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးအပါအဝင် စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါအဖွဲ့သည် မေ ၂၈ ရက်က ရပ်ကွက်ကြီး ၅ ရှိ လမင်းတစ်ရာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်သို့လည်းကောင်း၊ မေ ၂၇ ရက်က ရပ်ကွက်ကြီး ၁၇ ရှိအနီးစခန်းစာကြည့်တိုက်၊ မြတ်ဂုဏ်ရည်စာကြည့်တိုက်နှင့် နွယ်နင်းမှ ဘဝအလင်းရောင်စာကြည့်တိုက်များသို့သွားရောက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးများအပါအဝင် စာကြည့်တိုက်ကော်မတီဝင်များ၊ စာကြည့်တိုက်မှူးများနှင့် ကွင်းဆင်းတွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။



ထိုသို့ တွေ့ဆုံရာတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဝါဝါလွင်က မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုများ ဆောင်ရွက်မည့် အစီအမံများ၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား ချပြရှင်းလင်းဆွေးနွေးပြီး သက်ဆိုင်ရာစာကြည့်တိုက်များမှ ပြန်လည်ဆွေးနွေးချက်များအပေါ် လိုအပ်သည်များကို ဝိုင်းဝန်းပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ညှိနှိုင်းပေါင်းစပ်ဆွေးနွေးမှုများအရ ၂၀၂၄ ခုနှစ် ဇွန် ၁ ရက် စနေနေ့ မွန်းလွဲ ၂ နာရီတွင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၁၇ ရှိ အနီးစခန်းစာကြည့်တိုက်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင် ပြည်သူ့စာကြည့်တိုက်နှင့် အနီးစခန်းကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပရန်နှင့် အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲတွင် စာရေးဆရာ ကိုရွှေအောင်သင်းက “ စာကြည့်တိုက်များကပေးသော အကျိုးကျေးဇူးများ ” ခေါင်းစဉ်ဖြင့် ကျောင်းသားလူငယ်များနှင့် ဒေသခံပြည်သူများ စာပေအသိသုတ ဖြစ်ဖွယ် အကြောင်းအရာများကို ဟောပြောဆွေးနွေးပေးမည်ဖြစ်ကြောင်း ပြင်ဦးလွင်ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

**ဖြူလူသစ် (ခရိုင် ပြန်/ဆက်)**

# တနင်္သာရီမြို့နယ် သိန္ခောကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် နေအိမ်များထိခိုက်ပျက်စီးသည်ဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၃၀**

တနင်္သာရီမြို့နယ် သိန္ခောကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ




နယ်မြေခံတပ်ရင်းဌာနချုပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက မေ ၂၄ ရက်တွင် လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကျေးရွာရှိ နေအိမ်များ ထိခိုက်ပျက်စီးခဲ့ရကြောင်းနှင့် ဒေသခံပြည်သူများလည်း ထွက်ပြေးတိမ်းရှောင် နေကြကြောင်း မဟုတ်မမှန် စွပ်စွဲရေးသားထားသည့်သတင်းတု၊သတင်းအမှားများကို တရားမဝင်ပြည်ဖျက် မီဒီယာများက အထင်အမြင် လွဲမှားဖွယ် လှုံ့ဆော်ဝါဒ ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိန္ခောကျေးရွာနှင့် အနီးဝန်းကျင်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်များက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အကြမ်းဖက်သမားများ ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည့်အတွက် ကျေးရွာနေပြည်သူများ စိုးရိမ်ထိတ်လန့်၍ ခေတ္တတိမ်းရှောင်နေကြခြင်းဖြစ်ပြီး တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ လက်နက်ကြီးပစ်ခတ်မှုမရှိကြောင်း သိရှိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများသည် တိုက်ပွဲများဖော်ဆောင်ရာ၌ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ထောက်ထားငဲ့ညာမှုမရှိဘဲ ဒေသခံပြည်သူများ၏ နေအိမ်များကို အကာအကွယ်ယူတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ကျေးရွာများအတွင်းသို့ ပစ်ခတ်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး တရားမဝင်ပြည်ဖျက်မီဒီယာများမှတစ်ဆင့် လူမှုကွန်ရက်များပေါ်တွင် တပ်မတော်အပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



**နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃၀ ရက်က ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဥက္ကဋ္ဌ ဦးစိန်ကြည် အမှာစကားပြောကြားစဉ်။** (ပုဗ္ဗသီရိမြို့နယ်၌ အခြေခံကျောင်းများအနေဖြင့် အစိုးရကျောင်း ၅၉ ကျောင်း၊ ကိုယ်ပိုင်ကျောင်း ၁၁ ကျောင်းနှင့် ဘုန်းတော်ကြီး သင်ပညာရေးကျောင်း ငါးကျောင်း စုစုပေါင်း ၇၅ ကျောင်းရှိပြီး မေ ၂၃ ရက်မှစ၍ကျောင်းအပ်လက်ခံခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။) **သန်းသန်းနွယ်(ပုဗ္ဗ)**

# မြန်မာအသင်းယှဉ်ပြိုင်မည့် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲ

**ရန်ကုန် မေ ၃၀**

မြန်မာအသင်းယှဉ်ပြိုင်မည့် ၂၀၂၄ အာဆီယံ ယူ - ၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၃၀ ရက်က ပြုလုပ်ခဲ့ရာ အုပ်စု (ခ)တွင် ကျရောက်ခဲ့သည်။

ယင်းပြိုင်ပွဲကို ဇူလိုင် ၁၉ ရက်မှ ၂၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာရာမြို့၌ ပြုလုပ်မည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရ သုံးသင်းအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ်အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ အုပ်စု (ခ)တွင် လာအို၊ ဗီယက်နမ်၊ မြန်မာ၊ ဩစတြေးလျ၊ အုပ်စု(ဂ)တွင် မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၄ ခုနှစ်အတွင်း ပထမဆုံးနိုင်ငံတကာပြိုင်ပွဲအဖြစ် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး စက်တင်ဘာလတွင် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲထပ်မံ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာယူ - ၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က ကိုင်တွယ်နေသည်။

**ရဲရင့်လွင်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၃၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၂၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Mg San” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် သီရိမာလာ(အနောက်)ရပ်ကွက်နေ စန်းဝင်းဌေး(ခ)မောင်စန်းအား ည ၈ နာရီ ၁၀ မိနစ်တွင် အောင်မြေသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြံခင်းမြို့နယ်၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြော

**ကြံခင်း မေ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သစ်တောဦးစီးဌာနက ကျောင်းသား ကျောင်းသူများ သစ်တောသစ်ပင်များကို ချစ်မြတ်နိုးတတ်စေရန်နှင့် ရာသီဥတုပြောင်းလဲမှုကို သိရှိနားလည်စေပြီး သစ်တောသစ်ပင်များ၏ အကျိုးကျေးဇူးများနှင့် သဘာဝသယံဇာတများ၊ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရေးလုပ်ငန်းများကို သိရှိနိုင်စေရန်ရည်ရွယ်ပြီး ယနေ့နံနက်ပိုင်းက ကြံခင်းမြို့ သစ်ဆိမ့်ကိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း၌ သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပခဲ့သည်။ အခမ်းအနားတွင် အ.လ.က သစ်ဆိမ့်ကိုင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာဆွေက အမှာစကား ပြောကြားပြီး မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းထွန်းက သစ်တောသစ်ပင်နှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ (မြို့မ) ဘိနယ်တောအုပ်ကြီး ဦးမျိုးမင်းဇော်က သစ်တောများမှ ပေးစွမ်းသော အကျိုးကျေးဇူးများ၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်း ဟောပြောသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများအား ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာ အချက်များနှင့်ပတ်သက်၍ အပြန်အလှန်မေးမြန်းဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြသည်။



အဆိုပါဟောပြောပွဲသို့ မြို့နယ်သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသနေပြည်သူ ၁၁၀ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပြည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနား ကျင်းပ

**ပြည် မေ ၂၀**

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်မြို့နယ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ပြည်မြို့အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း သိရီရတနာခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ အ.ထ.က(၁) ကျောင်းသား ကျောင်းသူလေးများက "မြန်မာ့ကျောင်းသီချင်း" ဖြင့် သီဆိုဖျော်ဖြေကြပြီး ပဲခူးတိုင်းဒေသကြီး (အနောက်)တိုင်းဒေသကြီးပညာရေးမှူးရုံး ပြည်မြို့(ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ယုက ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်းက အမှာစကား ပြောကြားပြီး နိုင်ငံတော်မှ အခမဲ့ပေးအပ်သော ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံများ၊ ဘောပင်များ၊ ဝတ်စုံများနှင့် သင်ထောက်ကူပြုပစ္စည်းများကို တာဝန်ရှိသူများက ကျောင်းအုပ်ဆရာမကြီးများထံပေးအပ်ကာ အ.ထ.က(၁)ကျောင်းမှ ကျောင်းသူလေးများက အနာဂတ်လူရည်ချွန်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး (အနောက်) တိုင်းဒေသကြီး ပညာရေးမှူးရုံး ပြည်မြို့(ရုံးခွဲ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ယု၊ ခရိုင်ပညာရေးမှူး ဆရာမကြီးဒေါ်စန်းစန်းဝင်း၊ ပြည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းသိန်း၊ မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ထက်၊ လယ်၊ မူ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့် မိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# ဂန့်ဂေါမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ဂန့်ဂေါ မေ ၂၀**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းက အ.ထ.က(ဂန့်ဂေါ) ပုံညာခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းက ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ယူခွင့်ရရှိရေး၊ ကျောင်းအပ်နှံရေး အခွင့်အလမ်းများရရှိပြီး ကျောင်းအပ်နှုန်း၊ ကျောင်းနေနှုန်းမြင့်မားလာစေရေး၊ အခမဲ့ပညာရေးစနစ် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော်ရေး စသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။




ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအောင်ဝင်းက ကျောင်းသား ကျောင်းသူများ အပ်နှံလာမှုနှင့် ကျောင်းအပ်နှံရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့် မြို့နယ်အတွင်း အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းပေါင်း ၂၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး မေ ၂၃ ရက်မှ ၂၉ ရက်အထိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၇၇၉ ဦး အပ်နှံခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ ထောက်ပံ့ လှူဒါန်းထားသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းသုံး ဖတ်စာအုပ်များ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ရဲရန်ပိုင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြပြီး **(ဝဲပုံ)** နိုင်ငံတော်မှ ထောက်ပံ့ လှူဒါန်းထားသော ကျောင်းသုံး ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်များ၊ နှာခေါင်းစည်းများနှင့် ကျောင်းဝတ်စုံများအား မြို့နယ်အတွင်းရှိ ကျောင်းများသို့ အချိန်မီပို့ဆောင်ပြီးစီးမှုအခြေအနေများကို လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**

# တရားမဝင် စက်သုံးဆီများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၂၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၅ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Carbon Stick ၁၈၀၀ ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၅၈၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၂၇ ရက်တွင် ကုန်းတွင်းဆိပ်ကမ်းရွာသာကြီး Dry Port ၌ Bonded Warehouse အတွင်းမှ ကုမ္ပဏီမှ စွန့်လွှတ်ကြောင်း ကြေညာထားလာသည့် ဗီယက်နမ်နိုင်ငံထုတ် စားသောက်ကုန်ကြမ်းပစ္စည်း Foodstuff Malt Extract Cereal ၉၂၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၈၃၅၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၂၉ ရက်တွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း မြကျွန်းသာအနီး၌ လိုင်စင်မဲ့ Nissan March မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၈၈၃၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေကျင်စစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင် စက်သုံးဆီ



ပရီမီယမ်ဒီဇယ်ဆီ ဂါလန် ၂၇၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၅၆၈၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၈၅၆၈၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား(ပူးပေါင်း)စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ Subaru Samber မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၅ ရက်၊ ၂၇ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ်၃၈၁၈၅၀၆၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဖျာပုံမြို့နယ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ဖျာပုံ မေ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ဖျာပုံမြို့ အထက(၃)ကျောင်း မြမဍ္ဍူခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အထက(၃) ကျောင်းသား ကျောင်းသူလေးများက "မြန်မာ့ကျောင်းသီချင်း" ဖြင့် သီဆိုဖျော်ဖြေကြပြီး ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဖျာပုံခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်၊ ဖျာပုံခရိုင်ပညာရေးမှူး ဒေါ်အေးမြင့်တို့က အမှာစကား ပြောကြားသည်။ ထို့နောက် ဖျာပုံမြို့နယ်ပညာရေးမှူး ဆရာကြီး ဦးထွန်းလွင်က ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် မြို့နယ်အတွင်း ကျောင်းအပ်လက်ခံဆောင်ရွက်ထားရှိမှုနှင့် အခြေခံပညာဦးစီးဌာန၏ ဆောင်ပုဒ်ဖြစ်သော "ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ပညာရေးဌာန၏ ရည်မှန်းချက်၊ ကျောင်းအပ်နှံရေးအတွက် ဆောင်ရွက်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် NFPE ကျောင်းပြင်ပပညာရေး ကျောင်းသား ကျောင်းသူများအတွက် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လင်းနှင့်ဇနီးတို့က ဝတ်စုံဖိုး ငွေကျပ် ၁၀ သိန်း ထောက်ပံ့ပေးအပ်ရာ NFPE တိုင်းကြီးကြပ်ရေးမှူး ဆရာကြီး ဦးသန်းဌေးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**



**အောင်ဝင်းနိုင် (ခရိုင်ပြန်/ဆက်)**

## ရွှေတောင်မြို့နယ်တွင် ၂၀၂၄ ခုနှစ် သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ရွှေတောင် မေ ၃၀**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် ဂွေးတောက်မြောင်ကျေးရွာအုပ်စု ကဒီပင်ကျေးရွာ တရုတ်မှော်သစ်တောကြိုးဝိုင်းတွင် ယမန်နေ့က ၂၀၂၄ ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက သစ်ပင်စိုက်ပျိုးပွဲ ကျင်းပသည်။**(အောက်ဝဲပုံ)**



အဆိုပါ ၂၀၂၄ ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက သစ်ပင်စိုက်ပွဲတော် အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇာနည်ဝင်းနှင့် ဝန်ထမ်းများ၊ ဂွေးတောက်မြောင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး အဖွဲ့ဝင်များ၊ ကျေးရွာနေပြည်သူများ တက်ရောက်ကြပြီး ၂၀၂၄ ခုနှစ် ကျေးရွာသုံးထင်းစိုက်ခင်း တစ်ရွာ နှစ်ဧက သစ်ပင်စိုက်ပျိုးခဲ့ရာ ယူကလစ်ပင် ၈၄၀ နှင့် မန်ဂျန်ရှားပင် ၁၅၈၀ စိုက်ပျိုးခဲ့ကြောင်း သိရသည်။ **ကိုကိုမင်း(ပြန် / ဆက်)**

---

**စားသုံးဆီကိုတတ်နိုင်သမျှလျှော့စားဖို့ ဘာကြောင့်လိုအပ်တာလဲ?**

စားသုံးဆီများတွင် အခြေခံအားဖြင့်

(၁)ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့် မပြည့်ဝဆီများ (Saturated Fats)

(၂)တတ်နိုင်သမျှလျှော့၍ စားသုံးသင့်သည့် ပြည့်ဝဆီများ (Unaturated Fats) နှင့်

(၃)လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ (Trans fat) ဟူ၍ (၃)မျိုးရှိပါသည်။

- မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သောသွေးတွင်းအဆီဓါတ် (HDL) တို့ကို မြင့်တက်စေပြီး မကောင်းသောအဆီဓါတ် (LDL) တို့အား လျှော့ချပေးခြင်းဖြင့် နှလုံးရောဂါနှင့် အမျိုးအစား(၂) ဆီးချိုရောဂါ စသည့် မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကို လျော့နည်းစေပါသည်။ (ဥပမာ - မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- ပြည့်ဝဆီစားသုံးခြင်းကြောင့် မကောင်းသောသွေးတွင်းအဆီဓါတ်များ (LDL) လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ သွေးကြောနံရံတွင် အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ နှလုံးသွေးကြောပိတ်ရောဂါနှင့် လေဖြတ်ခြင်း တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ- စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရစ္ဆာန်မှရသောအဆီများ)
- အသွင်ပြောင်းဆီသည် အသားများနှင့် နို့ထွက်ပစ္စည်းများတွင် သဘာဝအတိုင်းအနည်းငယ် ပါဝင်သော်လည်း အများစုမှာဟင်းသီးဟင်းရွက်ဆီများ၏ အနံ့အရသာကိုထိန်းရန်၊ ဆီပျက်ဆီးမှုကာကွယ်ရန်နှင့် သက်တမ်းကြာရှည်ခံစေရန် ရည်ရွယ်၍ အခန်းအပူချိန်တွင် ခဲအောင်ဖန်တီးထားသောဆီများတွင် ပါဝင်သည်။ သွေးတွင်းမကောင်းသော အဆီများ (Triglycerides) ပိုမိုမြင့်တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီ (HDL) ကိုကျစေခြင်းဖြင့် အဝလွန်ခြင်း၊ ခန္ဓာကိုယ်အတွင်း ရောင်ရမ်းမှုများဖြစ်စေခြင်း၊ အမျိုးအစား(၂)ဆီးချိုရောဂါနှင့် အချို့သောကင်ဆာရောဂါများဖြစ်နိုင်ခြေ မြင့်မားစေခြင်း တို့ကိုဖြစ်စေနိုင်သည်။ (ဥပမာ - အသင့်စားအစားအစာများဖြစ်သည့် အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်၊ ကွတ်ကီးများ တွင် ပါဝင်သည့်ဆီ)

ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည် ဖြစ်ပါသည်။



| မပြည့်ဝဆီ | ပြည့်ဝဆီ | အသွင်ပြောင်းဆီ |
|---|---|---|

ရည်ညွှန်းကိုးကား

(၁) WHO, Healthy diet factsheets. (accessed as of 10.6.2020)

(၂) MAYO CLINIC. Dietary facts: Know which types to choose. (accessed as of 10.6.2020)

(၂၀၂၄ခုနှစ်မေလ)

**စာအုပ် စာပေ လူ့ မိတ် ဆွေ**

## ကျောင်းအပ်နှံရေး သီတင်းပတ်နှင့် ကျောင်းဖွင့်ချိန် လုပ်ငန်းများဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များမှာကြား

**နေပြည်တော် မေ ၃၀**

နေပြည်တော်တွင် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် ကျောင်းအပ်နှံရေးသီတင်းပတ်နှင့် ကျောင်းဖွင့်ချိန် လုပ်ငန်းများဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား မှာကြားခြင်းကို မေ ၂၉ ရက်က ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် နေပြည်တော်ပညာရေးညွှန်ကြားရေးမှူး ဒေါက်တာကျော်လွင်က ကျောင်းဖွင့်ချိန်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ကျောင်းသာယာလှပရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ပြည်ထောင်စုနယ်မြေ နေပြည်တော်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ စုစုပေါင်း ၃၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူဇာလှိုင်(ပညာရေး)**




**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီဌေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၅ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၃၅ ကျပ် | ၂၄၁၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၅ ကျပ် | ၂၄၆၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၂၅ ကျပ် | ၂၇၀၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၃၅ ကျပ် | ၂၈၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၇၀၀ | ၉၀၀၀ | ၃၃၉၃ | ၃၀၄၀၄၅၀၀ |
| MTSH | ၃၀၀၀ | ၃၁၀၀ | ၁၅၆၆၇ | ၄၇၃၁၉၂၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၁၆၄ | ၁၃၂၈၄၀၀ |
| FPB | ၁၆၀၀ | ၁၇၀၀ | ၁၅၅၇ | ၂၅၂၀၁၀၀ |
| TMH | ၂၆၅၀ | ၂၇၀၀ | ၇၆ | ၂၀၁၆၅၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၃၀၀၇ | ၅၁၂၅၇၅၀ |
| AHPC | ၄၇၀၀ | ၄၇၀၀ | ၂၀ | ၉၄၀၀၀ |
| MAEPC | ၂၃၅၀ | ၂၃၅၀ | ၇၃၇ | ၁၇၃၁၉၅၀ |

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မေ လ ၃၁ ရက်)**

ယာယီ

၁။ ၂၀၂၄ ခုနှစ်၊ ဇွန် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအပေါ်မှ ၇၅% ကို ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၅၅၂၂၇၆) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (၅၅၂၂.၇၆၀) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ် သန်း ( **၃၈၆၅.၉၃၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) **အထူးဆုကြီး**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) **ဆုတစ်ဆုချင်း**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၄) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၅) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၂) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၆) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၄) | ဆု |

(ဂ) **ဝေဝေဆာဆာပဒေသာဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၃၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၅၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၂၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁) ရက်နေ့တွင် သီးခြားခွဲ၍ ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များကို (၃၀-၅-၂၀၂၄) ရက်နေ့ (၂၃း၅၉း၅၉) နာရီအချိန်အထိ ဆက်လက်ရောင်းချသွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၆-၂၀၂၄) ရက်နေ့ (စနေနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၆၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီဖွင့်ပွဲကို နံနက် (၁၀:၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၈၁၉၄၀, Honda Wave 100 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းဦး ၆/ကစန(နိုင်)၀၇၄၁၃၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/56613 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်နိုင် ၇/ပခန(နိုင်)၂၆၉၅၂၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (ပဲခူး)**

**ဖခင် အမည်မှန်**

ကချင်ပြည်နယ်၊ မိုးကောင်းမြို့နယ်၊ အထက (မန်ရွက်) Grade-1 မှ မတိမ်ပန်းချီ၏ ဖခင်အမည်မှန်မှာ ဦးကောင်းသူရထက်ဖြစ်ကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်၊ စကားဝါ(၃)လမ်း၊ အမှတ်(၂၃၁)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၅x၅၀)ပေမြေပေါ်ရှိ (၂)ခန်းတွဲ(၃)ထပ်ခွဲတိုက် ပထမထပ်(ခေါင်းရင်းခြမ်း)၊ အကျယ်အဝန်း(၁၂'၆" x၅၀')ရှိ တိုက်ခန်းနှင့် ယင်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်သီတာမြင့်စိုး (ဘ)ဦးမြင့်စိုး ၁၀/ပမန(နိုင်)၁၅၄၁၀၀ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လင်းသီရိမောင်(ဘ)ဦးညွန့်မောင် ၁/မမန(ပြု)၀၀၀၀၄၈က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအား စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာ ရောက်ကန့်ကွက်နိုင်သည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံး အောင် ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)**
**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B) (စဉ်-၁၈၇၂၆)**
**တရားလွှတ်တော်ရှေ့နေများ**

**ဒေါ်ခင်သီတာမြင့်အောင်(LL.B) (စဉ်-၅၂၀၆၄)**
**ဒေါ်သက်သက်ဝေ(LL.B)(စဉ်-၅၁၆၂၄)**
**အထက်တန်းရှေ့နေများ**

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့၊ ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ဖခင်အမည်မှန်

အထက(၈)အင်းစိန်၊ Grade-1 မှ မောင်အောင်မင်းထွန်း၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ခင်(ခ)ရာဂျစ် ၁၂/အစန(နိုင်) ၂၉၁၁၃၀ ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ ရွှေသည်တန်းလမ်းနေ ဦးခင်ဇော်ထွန်း ၇/ပမန(နိုင်)၀၀၁၀၉၆ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါကြောင်း ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၄၃၀၀၆၈၅၀**

## ပတ်စ်ပို့ပျောက်

ကျွန်မ မထားထားရီ ၇/ပခန(နိုင်)၁၀၁၉၅၇၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၈၆၀၁၀**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၈)အလက (ထခွဲ) ကျောင်းGrade-4(A)မှ မောင်နိုင်လင်းထွန်း၏ ဖခင်အမည်မှန် မှာ ဦးကိုကိုလတ် ၁၄/မအန(နိုင်)၁၅၀၉၂၆ ဖြစ်ပါကြောင်း။

**ဦးကိုကိုလတ်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ယ/၃၆၄၁၇, Smile 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မျိုးမင်း ၇/လပတ(နိုင်)၁၉၆၉၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၁၀၅၆၇, Yunde 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေမြတ်မွန် ၇/ပတတ(နိုင်)၁၃၆၆၆၇ က က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး( ပြည်) ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်၊မိုးကောင်းမြို့၊ နတ်ကြီးကုန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၈/၁၊နတ်ကြီးကုန်း)၊ ဦးပိုင်အမှတ်(၁၈၄)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိမြေအား ဦးဖြိုးမင်းဦး(ဘ) ဦးမြင့်အောင် ၈/ဆမန(နိုင်)၀၄၆၇၉၇ - ဒေါ်ငြိမ်းငြိမ်းထွေး(ဘ)ဦးမြင့်ထွေး ၁/မကတ(နိုင်)၀၈၂၂၂၆ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက် ပြည့်မြောက်သည်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မိုးကောင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ် ၇၂၊ မြေကွက်တည်နေရာအမှတ် ၇၂၊ မဟာဗန္ဓုလလမ်း၊ ၄၆ ရပ်ကွက်၊ ဒဂုံမြောက် ဦးသန်းလွင် PTA-၀၄၇၁၁၅ အမည်ပေါက် နှစ် (၆၀) မြေငှားစာချုပ်ဂရန်မြေအား ဂရန်အမည်ပေါက် ဦးသန်းလွင် PTA-၀၄၇၁၁၅၊ ၁၂/အစန(နိုင်)၀၃၀၂၃၅မှ ဂရန်မိတ္တူ ဂရန်ပျောက်ဆုံးသွားပါသဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဂရန်ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာ၊ နိုင်ကတ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဂရန်မိတ္တူလျှောက်ထားခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိမရှိ ကြော်ငြာစာရွက်တင်ပြထားပြီး မြေပြင်ကွင်းဆင်းစစ်ဆေးရာ အဆောက်အအုံရှိပြီး လျှောက်ထားသူ ကိုယ်တိုင်နေထိုင်ပါသည်။ ကွင်းဆင်းဖောင်တွင် ကွင်းဆင်းသိရှိကြောင်း လျှောက်ထားသူမှ လက်မှတ်ရေးထိုးပေးပါသည်။ မြေစာရင်းတွင် ၂၀၀၇ခုနှစ် လျှောက်ထားသူမှ ဘဏ်ချေးမြေပုံကူးလျှောက်ထားခဲ့ခြင်းနှင့်ပတ်သက်၍ ချေးငွေလျှောက်ထားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အဆိုပါချေးငွေကိုလည်း ဘဏ်သို့ အကြေပေးဆပ်ပြီးပါကြောင်း၊ ငွေသွင်းချလန်နှင့် ဘဏ်ချေးမြေပုံမူရင်း၊ ဂရန်မူရင်းတို့သည် အိမ်တွင် သိမ်းဆည်းထားရာမှ အထားမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ကျမ်းကျိန်လွှာ ပူးတွဲ၍ ဌာနဝင်စာဖြင့် ရှင်းလင်းတင်ပြလာသဖြင့် ဦးသန်းလွင်မှ ဂရန်မိတ္တူလျှောက်လာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မင်္ဂလာညှော်ခံပွဲအား Bad Review ရေးခဲ့ခြင်းအတွက် တောင်းပန်ခြင်း

